# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၂၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအားရည်စူး၍ တစ်လပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအားရည်စူး၍ တစ်လပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ တို့အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊

စာမျက်နှာ ၃ ကော်လံ ၁ ☸




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပေါက်မြိုင်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**ယနေ့ ဖတ်စရာ**

နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်တွင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း သတင်းထုတ်ပြန်ချက် — ထုတ်ပြန်ချက် စာ ၆

နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ — ပြည်တွင်းသတင်း စာ ၁၀

ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိ — ပြည်တွင်းသတင်း စာ ၁၃



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုစဉ်။

❂ ရွှေဖုံးမှ

ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မှတ်တမ်းရုပ်သံဗီဒီယိုကြည့်ရှု**

ဦးစွာ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်တွင်းမှကူညီကယ်ဆယ်ရေးအဖွဲ့များ၊ နိုင်ငံတကာမှ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ အတူတကွ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဦးစားပေးအဆင့်အလိုက် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို တင်ဆက်ထားသည့် မှတ်တမ်းရုပ်သံဗီဒီယိုအား ကြည့်ရှုကြသည်။

ထို့နောက် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအား ရည်စူး၍ တစ်လပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို "နမောတဿ" သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး မဟာသီဟနာဒ ကျောင်းတိုက် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

**နာယူကြည်ညို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ပေါက်မြိုင် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် မဟာသီဟနာဒဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအားရည်စူးပြီး ရေစက်သွန်းလောင်း အမျှပေးဝေစဉ်။

စာမျက်နှာ ၃ မှ

### ဆက်ကပ်လှူဒါန်း

ယင်းနောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က မဟာသီဟနာဒဆရာတော်ကြီးထံလည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများက ဆရာတော်၊ သံဃာတော်များထံလည်းကောင်း လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### အမျှပေးဝေ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ပါဠိတက္ကသိုလ် မင်္ဂလာဗဴယျုံ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ တရားတော်များနာကြား၍ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအားရည်စူးပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက်အခမ်းအနားကို "ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

စာမျက်နှာ ၅ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

ဆက်လက်၍ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေ့ဆွမ်းဆက်ကပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



# ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ပြည်တွင်း/ပြည်ပမှ အကူအညီ၊ အထောက်အပံ့ရရှိနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၂၈**

ငလျင်ဘေးသင့် ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ပြည်တွင်း/ပြည်ပမှ အကူအညီ၊ အထောက်အပံ့များ ရရှိနိုင်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေး တုံ့ပြန်ဆောင်ရွက်မှုနှင့်ပြန်လည်ထူထောင်ရေးအတွက် လက်ရှိကာလအထိ အလှူငွေ လက်ခံရရှိမှု အခြေအနေများ၊ ငလျင်ဘေး ပြန်လည်ထူထောင်ရေးအတွက် သုံးစွဲဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ပြည်တွင်း/ပြည်ပမှ အကူအညီ၊ အထောက်အပံ့ရနိုင်ရေး နည်းလမ်းများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်ဘတ်ဂျက်မှ ရန်ပုံငွေခွင့်ပြုချက်ရရှိထားမှုအခြေအနေ၊ ၂၀၂၁ ခုနှစ် မတိုင်မီကာလက ပြည်တွင်း/ပြည်ပမှ အကူအညီ၊ အထောက်အပံ့ရရှိမှု အခြေအနေများ၊ လက်ရှိကာလတွင် အကူအညီ၊ အထောက်အပံ့ရရှိနိုင်ရေး ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငလျင်ဘေး ဖြစ်ပွားပြီးကာလအတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေ၏ ရရှိသုံးစွဲ၊ လက်ကျန် အခြေအနေ၊ ယခင်ကာလများတွင် ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်များအတွက် ပြည်တွင်း / ပြည်ပမှ အကူအညီ၊ အထောက်အပံ့ရရှိခဲ့မှု အခြေအနေများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာသူများက အကူအညီ၊ အထောက်အပံ့ရရှိနိုင်ရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယ တပ်မတော်ဆေးကုသရေးအဖွဲ့ 60 Parachute Field Hospital ၌ ဆေးကုသမှုခံယူနေသူတစ်ဦးကို အားပေးစကားပြောကြားစဉ်။ (၆-၄-၂၀၂၅)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယာယီဖွင့်လှစ်ကုသပေးလျက်ရှိသည့် အမေရိကန်အခြေစိုက် Samaritan's Purse International Relief Organization ရွှေ့လျားဆေးရုံ၌ ဆေးကုသနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၉-၄-၂၀၂၅)

# နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်တွင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း သတင်းထုတ်ပြန်ချက်

နေပြည်တော် ဧပြီ ၂၈

**မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများသို့ နိုင်ငံတော်အစိုးရအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများနှင့် ဆေးဝါးများကို နေ့ရက်အလိုက် မြန်မာနိုင်ငံသို့ ပေးပို့လျက်ရှိသဖြင့် နိုင်ငံတော်နှင့် ပြည်သူများက ကျေးဇူးတင်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။**

မြန်မာနိုင်ငံအတွင်းရှိ ငလျင်ဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက် ပေးရန်အတွက် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ လာအို၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ ဘူတန်၊ ဖိလစ်ပိုင်၊ ဂျပန်၊ နီပေါ၊ ပါကစ္စတန်၊ တူကီယဲ၊ အမေရိကန်၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ အဇာဘိုင်ဂျန်၊ ဘရူနိုင်း၊ တောင်ကိုရီးယား၊ ဂျာမနီနှင့် ကမ္ဘောဒီးယား စသည့် နိုင်ငံပေါင်း ၂၆ နိုင်ငံတို့မှ လူသားချင်း စာနာထောက်ထားမှု အကူအညီပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် တူကီယဲ စသည့် နိုင်ငံ ၁၃ နိုင်ငံတို့မှ ဆေးအကာအကွယ် အဖွဲ့များ ပူးတွဲပါဝင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ၁၆ ဖွဲ့ လူဦးရေ ၁၀၇၀ နှင့် ရှာဖွေကယ်ဆယ်ရေး ခွေး ၃၈ ကောင်တို့ဖြင့် ပြည်တွင်းရှိ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မြေပြင်ကွင်းဆင်း၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အဦများ အတွင်းသို့ ရောက်ရှိ ပိတ်မိနေကြသည့်

*စာမျက်နှာ ၇ သို့*



ရုရှားနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက မန္တလေးမြို့ ငလျင်ဘေးသင့်အဆောက်အအုံများအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်စဉ်။ (၃-၄-၂၀၂၅)



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဌမအကြိမ် အကူအညီပစ္စည်းများ တင်ဆောင်လာသည့်လေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်စဉ်။ (၂၂-၄-၂၀၂၅)



ထိုင်းနိုင်ငံမှပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ကြိုဆိုလက်ခံစဉ်။ (၂၁-၄-၂၀၂၅)



စင်ကာပူနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက အနံ့ခံခွေးများဖြင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ ကွင်းဆင်းရှာဖွေစဉ်။ (၃၁-၃-၂၀၂၅)

*စာမျက်နှာ ၆ မှ*

ပြည်သူများအား နိုင်ငံအလိုက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပြီး ကယ်ဆယ်ရှာဖွေတွေ့ရှိခဲ့သည့် လူနာများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ကယ်ဆယ်သည့် နေရာတွင်ပင် အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ရှာဖွေတွေ့ရှိ**

ထိုသို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းရှာဖွေကယ်ဆယ်ရေး အဖွဲ့အစည်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်မှုကြောင့် အသက်ရှင်ကျန်ရစ်သူ ၆၅၃ ဦးနှင့် Dead body ၇၇၈ ဦးတို့ကို ရှာဖွေတွေ့ရှိခဲ့ပါသည်။

**ကုသပေးနိုင်ခဲ့**

ထို့ပြင် နိုင်ငံတကာဆေးအဖွဲ့များအနေဖြင့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ရုရှား၊ အမေရိကန်၊ သီရိလင်္ကာ၊ တောင်ကိုရီးယား၊ ဂျာမနီ၊ အိန္ဒိယ၊ လာအို၊ နီပေါ၊ စင်ကာပူ၊ ဂျပန်နှင့် မလေးရှား စသည့် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ဆေးအဖွဲ့ ၂၈ ဖွဲ့၊ အဖွဲ့ဝင်စုစုပေါင်း ၁၁၅၂ ဦးတို့က ပြင်ပလူနာ ၂၉၂၀၆ ဦး၊ အတွင်းလူနာ ၉၅၇ ဦးနှင့် ခွဲစိတ်လူနာ ၁၀၈၄ ဦးတို့ကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပါသည်။

ထိုသို့ နိုင်ငံတကာအဖွဲ့အစည်းများ၏ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များ၊ ပြည်တွင်း ရှာဖွေကယ်ဆယ်ရေး အဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းအားလုံး၏ အများအကျိုးအတွက် နေ့မအား ညမနား သက်စွန့်ကြိုးပမ်း ပါဝင်ကူညီဆောင်ရွက်ချက်များကို နိုင်ငံတော်နှင့် မြန်မာပြည်သူပြည်သားများက လေးနက်စွာ အသိအမှတ်ပြု၍ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**အမျိုးသားသဘာဝ**
**ဘေးအန္တရာယ်ဆိုင်ရာ**
**စီမံခန့်ခွဲမှုကော်မတီ**



မလေးရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာစဉ်။ (၅-၄-၂၀၂၅)



ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကယ်ဆယ်ရေးနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့များ ရောက်ရှိစဉ်။ (၁-၄-၂၀၂၅)



ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်ရုံး ရှာဖွေကယ်ဆယ်ရေးဌာနမှ ငလျင်ဘေးဒဏ်သင့်အဆောက်အအုံများကို စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ (၃၁-၃-၂၀၂၅)



ယူအေအီးနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိလာစဉ်။ (၁၀-၄-၂၀၂၅)



လာအိုနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်ဆိုက်ရောက်လာစဉ်။ (၄-၄-၂၀၂၅)



ဘယ်လာရုစ်နိုင်ငံမှ အကူအညီပစ္စည်းများဖြစ်သည့် ဆေးဝါးနှင့် တဲများပါဝင်သည့် ၁၉၄၀၀ ကီလိုဂရမ် တင်ဆောင်လာသည့် လေယာဉ်ဆိုက်ရောက်လာစဉ်။ (၇-၄-၂၀၂၅)



ဘူတန်နိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်ရှိ ယာယီဆေးရုံ (ပေါင်းလောင်း)၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်စဉ်။ (၁၁-၄-၂၀၂၅)



အင်ဒိုနီးရှားနိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာစဉ်။ (၂၄-၄-၂၀၂၅)

*စာမျက်နှာ ၈ သို့*

စာမျက်နှာ ၇ မှ



ဖိလစ်ပိုင်နိုင်ငံမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာစဉ်။ (၁၂-၄-၂၀၂၅)




ဂျပန်နိုင်ငံမှ ဆေးကုသရေးအဖွဲ့များ နေပြည်တော်မှ ပြန်လည်ထွက်ခွာစဉ်။ (၅-၄-၂၀၂၅)




နီပေါနိုင်ငံမှ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ ထပ်မံရောက်ရှိလာစဉ်။ (၁၀-၄-၂၀၂၅)



ပါကစ္စတန်နိုင်ငံမှ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ ထပ်မံရောက်ရှိလာစဉ်။ (၃-၄-၂၀၂၅)



တူကီယဲနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များပါဝင်သည့် ကယ်ဆယ်ရေးအဖွဲ့က မန္တလေးငလျင်ကြီးကြောင့် ပိတ်မိနေသူနှစ်ဦးအား အသက်ရှင်လျက် ကယ်ဆယ်ပေးခဲ့စဉ်။ (၁-၄-၂၀၂၅)




သီရိလင်္ကာနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများနှင့် ဆေးဝါးများ ထပ်မံရောက်ရှိလာစဉ်။ (၁၂-၄-၂၀၂၅)



ဩစတြေးလျနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ ရောက်ရှိစဉ်။ (၈-၄-၂၀၂၅)



ဘရူနိုင်းနိုင်ငံမှ အကူအညီပစ္စည်းများ ဧပြီလအတွင်း ရောက်ရှိလာစဉ်။

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ



AHA စင်တာမှ ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများ ဧပြီလအတွင်း ရောက်ရှိလာစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အာဆီယံနိုင်ငံများမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်စဉ်။ (၆-၄-၂၀၂၅)



တူကီယဲနိုင်ငံမှ စေတနာရှင်အဖွဲ့များက လျှော်ဘေးဒဏ်သင့်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (၄-၄-၂၀၂၅)



ထိုင်းနိုင်ငံမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာစဉ်။ (၅-၄-၂၀၂၅)



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများရောက်ရှိစဉ်။ (၃-၄-၂၀၂၅)




နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံအသီးသီးမှ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိစဉ်။ (၄-၄-၂၀၂၅)



တရုတ်ကယ်ဆယ်ရေးအဖွဲ့နှင့် Ramunioun Rescue တို့ ပူးပေါင်း၍ Sky Villa ကွန်ဒိုမှ ကိုယ်ဝန်ဆောင်အမျိုးသမီးအား ကယ်ထုတ်လာစဉ်။ ဆင်ဟွာ (၃၁-၃-၂၀၂၅)



မန္တလေးမြို့ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို လုပ်ဆောင်နေသည့် ရုရှားအရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့မှ အထူးလေ့ကျင့်သင်ကြားထားသည့် အနံ့ခံခွေးလေးကို ဒေသခံတစ်ဦးက ချစ်ခင်နေသည့်မြင်ကွင်း။ MC

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် မေ ၂၈**

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီ နယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီ ပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် မတ်လ ၃၀ ရက်နေ့မှ မေလ ၂၀ ရက်နေ့အထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။

ယခုအခါ မေလ ၂၁ ရက်နေ့မှ ၂၇ ရက်နေ့အထိ ရက်သတ္တပတ် ၁ ပတ်အတွင်း အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံ ကူမင်းမြို့နှင့် နန်နင်းမြို့၊ ဘရူနိုင်းနိုင်ငံနှင့် AHA Centre တို့မှ ထပ်မံပေးပို့ လှူဒါန်းလာသော မိုးကာ၈၊ Hygiene Kit၊ တစ်ကိုယ်ရေကျန်းမာရေးသုံး ပစ္စည်းစုံ၊ မီးဖိုချောင်သုံးပစ္စည်းစုံ၊ Kitchen Set၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးနှင့် ဆေး ပစ္စည်းများအနက် ဆေးနှင့် ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန) သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်ပစ္စည်းများကို နေပြည်တော်၊ မန္တလေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ ဘေးသင့်လူဦးရေအချိုးဖြင့် ဖြန့်ခွဲပေးပို့ခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ရက်သတ္တပတ် ၁ ပတ်အတွင်း လက်ခံရရှိသော လှူဒါန်းပစ္စည်းများ ခွဲဝေထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများကို နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်နှင့် နေပြည်တော်တို့မှတစ်ဆင့် မန္တလေးတိုင်း ဒေသကြီးသို့ မော်တော်ယာဉ်လေးစီးဖြင့် ပေးပို့ခဲ့သည့် လှူဒါန်းပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ်လေးစီးဖြင့် ပေးပို့ထားသည့် လှူဒါန်းပစ္စည်းများကို စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်းကောင်း ခွဲဝေထောက်ပံ့ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၅၆ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၈ စီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ မော်တော်ယာဉ် ခုနစ်စီးဖြစ်ပါသည်။

နိုင်ငံတကာအလှူရှင်များမှ ၂၁-၄-၂၀၂၅ ရက်နေ့မှ ၂၇-၄-၂၀၂၅ ရက်နေ့အထိ ရက်သတ္တပတ် ၁ ပတ်အတွင်း ပေးပို့လှူဒါန်းသည့်ပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှိ ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများ ရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင် တစ်ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်း ထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**



AHA Centre မှ ပေးပို့သည့် အကူအညီပစ္စည်းများ လက်ခံရယူစဉ်။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့စဉ်။



နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့စဉ်။



ရှမ်းပြည်နယ် အင်းလေးဒေသအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့စဉ်။

## ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်

## (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၇-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၄၁၈၁ | ၂၇၉၅ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၄၄၃ | ၄၃၀၃ | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | လိပ် | ၄၂၅ | ၁၀ | ၄၁၅ | - | - | - | - | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၀၀၁ | ၄ | ၂၅ | ၁၄၉၇ | - | ၃၁၈ | ၁၅၇ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၃၉၀ | - | ၁၅၆ | ၁၂ | | ၆၁၈ | ၁၆၀၄ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၅၆ | ၃၄ | ၉၇ | ၂၃ | ၂ | | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၀၀ | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၃၇ | ၇၀ | ၅၈ | ၄ | ၅ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၇၆ | ၁၈ | ၃၈ | ၁၈ | ၂ | - | - | |
| | | ဖာ | ၁၂၉၉၆ | ၇၀၁၁ | ၄၇၆၀ | ၁၁၀၃ | ၁၂၂ | - | - | |
| | | အိတ် | ၂၅၀ | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၆၁ | ၁၈ | ၃၀ | ၆ | ၆ | - | ၁ | |
| | | ဖာ | ၃၅၅၄ | ၆၃၉ | ၁၉၃၆ | ၉၁၇ | ၆၂ | - | - | |
| | | ထုပ် | ၁၄၅၁ | ၅၃၇ | ၈၁၂ | ၅၈ | ၄၄ | - | - | |
| | | ခု | ၂၂၀ | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၆ | ၃ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၉ | ၃ | ၄ | ၂ | - | - | - | |
| | | စုံ | ၂၀၀၀ | ၂၀၀၀ | - | - | - | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၂ | - | ၂ | - | - | - | - | |
| | | ဖာ | ၃၁၀ | ၁၂၂ | ၁၆၈ | ၁၂ | ၈ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | မျိုး | ၆၄၈ | - | ၈ | - | ၂ | ၆၃၈ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၅၈၁ | ၂၆ | - | - | - | ၁၅၅၅ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |

## အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု (၂၁-၄-၂၀၂၅ ရက်နေ့မှ ၂၇-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၀၀ | - | ၁၀၀ | - | - | - | |
| ၂ | တာပေါ်လင်မျိုးစုံ | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | |
| | | အိတ် | ၄ | - | ၄ | - | - | - | |
| ၃ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | |
| ၄ | မီးစက် | လုံး | ၅ | - | ၅ | - | - | - | |
| ၅ | Hygiene Kit | ဖာ | ၁၇၀ | ၁၇၀ | - | - | - | - | အိန္ဒိယနိုင်ငံ၏ လှူဒါန်းပစ္စည်းများသည် မန္တလေး(တံတားဦး) လေဆိပ်သို့ တိုက်ရိုက်ရောက်ရှိပါသည်။ |
| ၆ | Kitchen Set | ဖာ | ၇၀ | ၇၀ | - | - | - | - | |
| ၇ | Sleeping Bags | ဖာ | ၃၂ | ၃၂ | - | - | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၂၀၈ | ၂၀၈ | - | - | - | - | |
| | | မျိုး | ၄၆ | ၁ | ၃၀ | ၁၅ | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၅၁ | ၅၁ | - | - | - | - | |
| | | မျိုး | ၅ | ၁ | ၃ | ၁ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၂၆ | - | ၁၆ | ၁၀ | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | ဖာ | ၁၆ | ၁၆ | - | - | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | ဖာ | ၁၂၆ | ၂၆ | - | - | ၁၀၀ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| | | မျိုး | ၁၂၆ | - | ၇ | - | ၁၁၉ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | ၁၁၆ | - | |

## ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု (၂၁-၄-၂၀၂၅ ရက်နေ့မှ ၂၇-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၃၀၈၃ | - | ၅၀ | - | - | ၁၈၈ | ၂၈၄၅ | လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ဖြန့်ခွဲထောက်ပံ့ပါမည်။ |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | ထုပ် | ၂၃၅ | - | - | - | - | ၁၁၈ | ၁၁၇ | |
| ၃ | Sleeping Bags | ခု | ၃၀ | ၃၀ | - | - | - | - | - | |
| ၄ | စားသောက်ကုန်မျိုးစုံ | ဖာ | ၇၃၇၈ | ၅၉၁၆ | ၁၂၉၉ | ၉၃ | ၇၀ | - | - | |
| | | မျိုး | ၃ | - | ၁ | ၁ | ၁ | - | - | |
| ၅ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၁ | - | ၁ | - | - | - | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| ၆ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | ဖာ | ၈၀ | - | - | - | - | ၈၀ | - | |

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု
## (၂၁-၄-၂၀၂၅ ရက်နေ့မှ ၂၇-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၇၈၁၅ | ၂၅၉၀ | ၂၀၀ | ၉၇၇ | ၅၀ | ၂၈၃၀ | ၁၁၆၈ | လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ဖြန့်ဝေထောက်ပံ့ပါမည်။ |
| ၂ | Sleeping Bags | ထုပ် | ၄၀၀ | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ဖာ | ၁၀၅ | ၃၈ | ၅၈ | ၄ | ၅ | - | - | |
| | | ခု | ၈၄ | ၃၁ | ၄၇ | ၂ | ၄ | - | - | |
| ၃ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၈ | ၆ | ၂ | - | - | - | - | |
| | | ဖာ | ၃၃၇ | ၃၃၇ | - | - | - | - | - | |
| ၄ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၂၉ | ၁၀ | ၁၃ | ၄ | ၂ | - | - | |
| | | ထုပ် | ၁၁၅၂ | ၄၂၆ | ၆၄၅ | ၄၆ | ၃၅ | - | - | |
| | | ဖာ | ၁၄၁၅ | ၅၂၃ | ၇၉၂ | ၄၃ | ၅၇ | | - | |
| | | ခု | ၂၂၀ | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၅ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | မျိုး | ၅၂၀ | - | - | - | ၂ | ၅၁၈ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |

## ဘရူနိုင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု
## (၂၁-၄-၂၀၂၅ ရက်နေ့မှ ၂၇-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | Hygiene Kit | ဖာ | ၁၆၃၀ | ၄၁၅ | ၆၃၀ | ၄၀ | ၅၄၅ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၃ | ၁ | ၁ | - | ၁ | - | - | |

## AHA Centre လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု
## (၂၁-၄-၂၀၂၅ ရက်နေ့မှ ၂၇-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၄၅၀ | - | - | - | - | ၄၅၀ | - | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | ချပ် | ၂၃၉၀ | - | ၁၅၆ | ၁၂ | - | ၆၁၈ | ၁၆၀၄ | လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ဖြန့်ခွဲ ထောက်ပံ့ပါမည်။ |
| | | ထုပ် | ၂၅၀ | ၄ | ၅ | ၁ | - | ၂၀၀ | ၄၀ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၂၅၈၆ | ၉၅၇ | ၁၄၄၈ | ၇၈ | ၁၀၃ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| ၅ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၁၇၅ | ၆၅ | ၉၈ | ၇ | ၅ | - | - | |


# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မြစ်သားမြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ

**မြစ်သား မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များသည် မြစ်သားမြို့နယ် သာလွန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၇ ရက်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် G-12 သာလွန်စာစစ်ဌာန၌ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဒေါ်ပြုံးကြည်နှင့် ပညာရေးဝန်ထမ်းများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် G-12 သာလွန်စာစစ်ဌာနတွင် ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၁၆၀ တို့နှင့် တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးငလျင်ကြီးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ ပျက်စီးဆုံးရှုံးမှုနှင့်ပတ်သက်၍ ပြန်လည်ဖြေဆိုရမည့် အခြေအနေများကို ပြောကြားပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများက အခက်အခဲများကို တင်ပြဆွေးနွေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





နေပြည်တော် အမှတ် (၂)တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)နှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင် ၁၀၀၀)တို့သို့ မေ ၂၆ ရက်က နိုင်ငံခြားသားလုပ်ငန်းရှင်များကလှူဒါန်းသည့် တစ်လုံးလျှင် ငွေကျပ်သိန်း ၄၅၀ တန်ဖိုးရှိ ပေးရှန့်ပါရာမီတာ မော်နီတာ မိုဘိုင်းစက်တစ်လုံးစီအား တာဝန်ရှိသူများက လာရောက်လှူဒါန်းရာ ဆေးရုံအုပ်ကြီးများက လက်ခံရယူစဉ်။ မြို့နယ်(ပြန်/ဆက်)

**ခရမ်းလွန်ရောင်ခြည်**
**အန္တရာယ်ကာကွယ်ရေး**
**အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# မန္တလေးလျှောင်ကြီးကြောင့် အသက်ခန္ဓာဆုံးရှုံးသွားသော သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် ပြည်သူများအတွက် ရည်စူး၍ တစ်လပြည့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၂၈**

လက်ချင်းယှက်၍ ဖေးမကူညီအဖွဲ့က မန္တလေးငလျင်ကြီးကြောင့် အသက်ခန္ဓာဆုံးရှုံးသွားသော သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် ပြည်သူများအတွက် ရည်စူး၍ တစ်လပြည့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော မဟာဓမ္မိကာရာမ အုန်းတောပရိယတ္တိစာသင်တိုက်အတွင်းရှိသာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် ကျောင်းတိုက်ရှိ ဆရာတော် သံဃာတော်များအား ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ အဆိုပါ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော်တိုင်း သံဃနာယက အကျိုးတော်ဆောင် ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယ အုန်းတောပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဒေါ်ခင်မာဦးမိသားစု ဦးဆောင်သော လက်ချင်းယှက်၍ ဖေးမကူညီအဖွဲ့ဝင် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

နံနက်ပိုင်းတွင် စေတနာရှင် ပြည်သူများက မန္တလေးငလျင်ကြီးကြောင့် အသက်ခန္ဓာဆုံးရှုံးသွားသော သံဃာတော် အရှင်သူမြတ်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် ပြည်သူများအတွက် ရည်စူး၍ အုန်းတောပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ တိသ အမှူးပြုသော ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော မဟာဓမ္မိကာရာမ အုန်းတောပရိယတ္တိ စာသင်တိုက်အတွင်းရှိ သာသနိကအဆောက်အအုံများပြန်လည်ပြုပြင်တည်ဆောက်ရေး အလှူငွေ ကျပ် ၉၇ သိန်း ၅ သောင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဧည့်ပရိသတ်များက အုန်းတောပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိသထံမှ သာဓုအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် လက်ချင်းယှက်၍ ဖေးမကူညီအဖွဲ့ဝင် စေတနာရှင်ပြည်သူများသည် နေပြည်တော်အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် ပေါင်းလောင်းအားကစားကွင်းရှိ ယာယီဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား နံနက်စာအာဟာရ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိ

**နေပြည်တော် မေ ၂၈**

ငလျင်ဒဏ်သင့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများကို အမြန်ဆုံး ဖယ်ရှားနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်စိတ်တစ်ဒေသ အသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်မှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေများကို ထောက်ပံ့ပေးလျက်ရှိသည်။



ရတနာဆင်များရှင်စေတီတော်၌ ကယ်ဆယ်ရေးအဖွဲ့ ရှင်းလင်းနေမှုကို တွေ့ရစဉ်။

ထိုသို့ ထောက်ပံ့ပေးခဲ့ရာ ငလျင်ဒဏ်သင့် ဒေသများဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေအတွက် ငွေကျပ် ၁၀ ဘီလီယံ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွက် ငွေကျပ် ဘီလီယံ ၅၀၊ မန္တလေးတိုင်းဒေသကြီးအတွက် ငွေကျပ် ဘီလီယံ ၆၀ နှင့် ရှမ်းပြည်နယ်အတွက် ငွေကျပ် ငါးဘီလီယံတို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနက နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးများသို့ ထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေထောက်ပံ့မှုများကို နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးအလိုက် တာဝန်ရှိသူများက ငလျင်ဒဏ်သင့်ဒေသများ၌ ပျက်စီးသွားခဲ့သည့် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်ဇရပ်များ၊ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများ၊ ဘာသာရေး အဆောက်အအုံများနှင့် အခြားပြိုကျပျက်စီးခဲ့သော အဆောက်အအုံများမှ ပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများ၊ ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အပြင် ပြည်သူလူထုအတွက် လိုအပ်သော ထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်းတို့ကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေး ကနဦး အသုံးပြုနိုင်ရန်အတွက် ထုတ်ပေးထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဆက်သွယ်ရေးလိုအပ်နေသောနေရာများတွင် အများပြည်သူအတွက် ယာယီမိုဘိုင်းဆက်သွယ်ရေးစခန်းများ၊ ယာယီရွေ့လျားဆက်သွယ်ရေးတိုင်(Cell on Wheel, COW)များ အသုံးပြု၍ ဆက်သွယ်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးစဉ်။



နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့ပေးစဉ်။



ဥဇ္ဇာသိဒ္ဓိရပ်ကွက် ယာယီတည်းခိုရေးစခန်း၌ ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်စဉ်။

# အမေရိကန်နှင့် ဖိလစ်ပိုင်တို့ ပထမဆုံးအကြိမ် ဒရုန်းကြားဖြတ်ပစ်ချဟန့်တားရေး လေ့ကျင့်မှုပြုလုပ်

**မနီလာ ဧပြီ ၂၈**
အမေရိကန်နှင့် ဖိလစ်ပိုင်တို့သည် ဒရုန်းကြားဖြတ်ပစ်ချဟန့်တားရေး လေ့ကျင့်မှုကို ပထမဆုံးအကြိမ် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကြားဖြတ်ပစ်ချဟန့်တားရေး လေ့ကျင့်မှုကို ဧပြီ ၂၇ ရက်က ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်း၏ အနောက်ဘက်ခြမ်းတွင် ပြုလုပ်ခဲ့သည်။ လေ့ကျင့်မှုတွင် လူပေါင်း ၁၄၀၀၀ ကျော်ပါဝင်ပြီး ဧပြီ ၂၁ ရက်မှစတင်ကာ နှစ်နိုင်ငံအကြား လုပ်ဆောင်လျက်ရှိသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

ဒရုန်းတိုက်ဖျက်ရေး လေ့ကျင့်မှုများတွင် အမေရိကန်တပ်မတော်သည် အမြင့်ပေအနိမ့်ပိုင်းတွင် ပျံသန်းနေသော ဒရုန်းများကို ကြားဖြတ်ပစ်ချရန် တီထွင်ထုတ်လုပ်သော ရွေ့လျားလေကြောင်းရန် ကာကွယ်ရေးစနစ်အသစ်ကို ဖြန့်ကြက်အသုံးပြုခဲ့သည်။

အလိုအလျောက်ပစ်ခတ်နိုင်သည့် အမြောက်တစ်ခုနှင့် စတင်ဂျာလေယာဉ်ပစ် ဒုံးကျည်များ တပ်ဆင်ထားသောယာဉ်များက ဒရုန်းများကို ပစ်ချနေမှုအား ကြည့်ရှုလေ့လာရန် သတင်းထောက်များကို ဖိတ်ကြားထားကြောင်း သိရသည်။

အမေရိကန်နှင့်ဖိလစ်ပိုင် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မေ ၉ ရက်အထိ ဆက်လက်လုပ်ဆောင်ရန် စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**




# ပုပ်ရဟန်းမင်းအသစ်လျှို့ဝှက် ရွေးချယ်ပွဲကို မေ ၇ ရက်တွင် ကျင်းပမည်

**ဗာတီကန်စီးတီး ဧပြီ ၂၈**
ပုပ်ရဟန်းမင်းကြီးပျံလွန်ပြီးနောက် နောက်ထပ်ပုပ်ရဟန်းမင်းကြီးတစ်ပါး လျှို့ဝှက်ရွေးချယ်ပွဲကို မေ ၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ဗာတီကန်က ဧပြီ ၂၈ ရက်က ကြေညာခဲ့သည်။

**မဲပေးရွေးချယ်ဆုံးဖြတ်သွားမည်**

ပုပ်ရဟန်းမင်းကြီးကို တင်မြှောက်ခွင့်ရှိသူ ရေဖျန်းခရစ်ယာန်ဘုန်းတော်ကြီးများသည် ဗာတီကန်ရှိ စစ်စတင်းဘုရားရှိခိုးကျောင်း သီးသန့်နေရာတွင် မဲပေးရွေးချယ်ဆုံးဖြတ်သွားမည်ဖြစ်သည်။

**မဲသုံးပုံနှစ်ပုံအနည်းဆုံး ရရှိရမည်**

ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးချယ်ခံရသူသည် မဲပေးခွင့်ရှိသူ ဘုန်းတော်ကြီး ၁၃၅ ပါး၏ မဲသုံးပုံနှစ်ပုံအနည်းဆုံး ရရှိရမည်ဖြစ်သည်။

ပုပ်ရဟန်းမင်းအသစ် ရွေးချယ်မှုပြီးဆုံးသည့်အချိန်အထိ မဲပေးရွေးချယ်မှုများကို ပြုလုပ်သွားမည်ဖြစ်သည်။ မဲပေးရွေးချယ်မှုပြီးဆုံးပြီဆိုပါက ဘုရားရှိခိုးကျောင်း မီးခိုးခေါင်းတိုင်မှ မီးခိုးဖြူများကို မြင်တွေ့ရမည်ဖြစ်ပြီး ခေါင်းလောင်းလည်းတီးမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# စပိန်နှင့် ပေါ်တူဂီနိုင်ငံတို့၌ အကြီးစား လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်ပေါ်

**မက်ဒရစ် ဧပြီ ၂၈**
စပိန်နှင့် ပေါ်တူဂီနိုင်ငံရှိ ဒေသအများအပြားတွင် ဧပြီ ၂၈ ရက်က လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုအကြီးအကျယ် ဖြစ်ပေါ်ခဲ့ကြောင်း ဒေသတွင်း သတင်းရင်းမြစ်များက ဆိုသည်။

စပိန်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုင်းအော်ပရေတာ ရက်ဒ် အလက်ထရစ်က နိုင်ငံတစ်ဝန်းတွင် နေရာအနှံ့ ဓာတ်အားပြတ်တောက်နေကြောင်း အတည်ပြုခဲ့သည်။ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးနှင့် မီးပျက်ရသည့် အကြောင်းရင်းများကို စစ်ဆေးပြုပြင်မှုများ လုပ်ဆောင်နေကြောင်း ကုမ္ပဏီက ပြောကြားသည်။

စပိန်နိုင်ငံ၏ အမျိုးသားမီးရထားကုမ္ပဏီ ရန်ဖယ်က အမျိုးသား လျှပ်စစ်ဓာတ်အားလိုင်းတစ်ခုလုံး ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြတ်တောက်သွားသဖြင့် ဘူတာအားလုံးတွင် ရထားပြေးဆွဲမှုများ လုံးဝရပ်ဆိုင်းသွားခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အလားတူ ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့အပါအဝင် မြောက်ပိုင်းမှ တောင်ပိုင်းအထိ မြို့အတော်အများအပြား၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်လျက်ရှိသည်။

**ဆင်ဟွာ**



ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် မြေအောက်ရထားပြေးဆွဲမှု ရပ်တန့်သွားသဖြင့် ဘတ်စ်ကားများပေါ်သို့ စုပြုံတိုးနေကြသူများကို တွေ့ရစဉ်။

# အီရန်နိုင်ငံ ဆိပ်ကမ်း ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၄၆ ဦးရှိလာ

**တီဟီရန် ဧပြီ ၂၈**
အီရန်နိုင်ငံ တောင်ပိုင်း ဟော်မုဇ်ဂန် ပြည်နယ်ရှိ ဆိပ်ကမ်းတစ်ခုတွင် ဧပြီ ၂၆ ရက်က ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်ခဲ့ရာ သေဆုံးသူဦးရေ ၄၆ ဦးရှိလာခဲ့ကြောင်း အိုင်အာရ်အင်န်အေ သတင်းဌာနက ဧပြီ ၂၈ ရက်က ဖော်ပြသည်။

အဆိုပါ ပေါက်ကွဲမှုနှင့် နောက်ဆက်တွဲ မီးလောင်မှုကြောင့် လူပေါင်း ၁၂၀၀ ကျော် ဒဏ်ရာရခဲ့ပြီး ၁၃၈ ဦးကို ဆေးရုံတင်ထားရသည်ဟု ပြည်နယ်အကျပ်အတည်း စီမံခန့်ခွဲရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် မဲရ်ဒက် ဟတ်ဆန်ဇဒါက ပြောကြားသည်။ အီရန်အစိုးရက ဧပြီ ၂၈ ရက်ကို နိုင်ငံတော်ဝမ်းနည်းခြင်းနေ့ အထိမ်းအမှတ်နေ့အဖြစ် ဧပြီ ၂၇ ရက်တွင် ကြေညာခဲ့သည်။ အီရန်သမ္မတ မာဆွတ် ပီဇက်ရှ်ကီယန်က ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သည့် ဆိပ်ကမ်းသို့ သွားရောက်ခဲ့ပြီး ဒဏ်ရာရသူအချို့ကို သွားရောက်ကြည့်ရှုခဲ့သည်။

အီရန်အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့၏ အကြီးအကဲ ဟူစိန် ဆာဂျီဒီနီယာက ဆိပ်ကမ်းရှိ အချို့သော ကွန်တိန်နာများတွင် မီးလောင်လွယ်သည့် ပစ္စည်းများပါဝင်နေပြီး အချို့မှာ ဓာတုပစ္စည်းများ ပါရှိကြောင်း အီရန် အိုင်အာရ်အိုင်ဘီ သတင်းဌာနသို့ ဧပြီ ၂၇ ရက်က ပြောကြားခဲ့သည်။ ပေါက်ကွဲမှု ဖြစ်ပွားသည့် အကြောင်းရင်းကိုမူ ယခုအချိန်အထိ ထုတ်ပြန်ထားခြင်း မရှိသေးပေ။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သော်လည်း ဆိပ်ကမ်း၏ ဆိပ်ခံတံတားများ၌ ပုံမှန်လုပ်ငန်း လည်ပတ်မှုရှိပြီး ကုန်တင်ကုန်ချ လုပ်ငန်းများကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း အိုင်အာရ်အင်န်အေ သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**




# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မိုးကြိုးပစ်မှုကြောင့် ကိုးဦးသေဆုံး

**ဒါကာ ဧပြီ ၂၈**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒေသအများအပြားတွင် ဧပြီ ၂၈ ရက်က ဆက်တိုက်မိုးကြိုးပစ်မှုများကြောင့် ကိုးဦးသေဆုံးကြောင်း သိရသည်။

မိုးကြိုးပစ်မှုများကြောင့် ဧပြီ ၂၈ ရက် နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ ကူမီးလားခရိုင် ဒေသအနှံ့အပြားတွင် လေးဦး၊ ကီရှော်ဂန်ဂျ် ခရိုင်တွင် သုံးဦး၊ ဆူနာမဂန်ဂျ်နှင့် နက်ထရိုကော်နာ ခရိုင်တို့တွင် တစ်ဦးစီသေဆုံးမှု ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် သေဆုံးသူအများစုမှာ လယ်ယာမြေများတွင် အလုပ်လုပ်ကိုင်သည့် ကျေးလက်နေပြည်သူများဖြစ်ကြောင်း သိရသည်။

လူဦးရေ ထူထပ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မိုးကြိုးပစ်မှုကြောင့် လူသေဆုံးမှုများမှာ သာမန်ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလနှင့် စက်တင်ဘာလအတွင်း မိုးကြိုးပစ်မှုများကြောင့် အမျိုးသမီး ၅၅ ဦးအပါအဝင် လူပေါင်း ၂၉၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ မိုးကြိုးပစ်မှုများကြောင့် လူသေဆုံးမှု မြင့်တက်လာရခြင်းမှာ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် ဖြစ်သည်ဟု ကျွမ်းကျင်သူများက ဆိုသည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံ ဘာဒက်ရှန်ပြည်နယ်တွင် မြေပြိုကျမှုကြောင့် သုံးဦးသေဆုံး

**ကဘူးလ် ဧပြီ ၂၈**
အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာဒက်ရှန်ပြည်နယ်တွင် ဧပြီ ၂၈ ရက်က မြေပြိုမှုကြောင့် သုံးဦး အသက်ဆုံးရှုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဒါရိုက်တာ ဟက်ခ်မတ်တူလာ မိုဟာမာဒီက ပြောကြားသည်။

အဆိုပါဖြစ်စဉ်မှာ ယာဝန်ခရိုင် မြစ်ကမ်းရိုးတမ်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း အသေးစိတ် ပြောကြားခဲ့ခြင်း မရှိပေ။

ယမန်နှစ် ဇွန်လကလည်း ဘာဒက်ရှန်ပြည်နယ် ယမ်ဂန်ခရိုင်တွင် အလားတူဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့ပြီး နှစ်ဦးသေဆုံးကာ ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

**ဆင်ဟွာ**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ တောင်ကြီးမြို့ရှောင်လမ်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ ဖောင်တော်ဦးမြတ်စွာဘုရား၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် သာသနိကအဆောက်အအုံများနှင့် ကမ်းထိန်းနံရံပြုပြင် ဆောင်ရွက်နေမှုများကြည့်ရှု

**နေပြည်တော် ဧပြီ ၂၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေဝင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှောင်လမ်း (လေးမိုင်ကွေ့-နောင်ထလီ-ညီမြီး-နောင်ပနားဗွာ-လင်းကွင်း-ထီရီး မွေးမြူရေးဇုန်-ရွှေညောင်လမ်း) အား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၆/၂)ရှိ လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှမ်းပြည်နယ်လမ်း ဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ ဦးကျော်ကျော်ဝင်း၊ ညွှန်ကြားရေးမှူး(မြို့ပြ)မှ တောင်ကြီးမြို့ရှောင်လမ်းတွင် အတက်အဆင်း မတ်စောက်သည့် မိုင်တိုင်အမှတ်(၄/၃)မှ (၆/၂)ကြား Gradient ဖြေညှိ၍ အတက်အဆင်းပြေပြစ်စေရန် ဆောင်ရွက်ခြင်းနှင့် ၂၄ ပေအကျယ် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ကားကြီးများ သွားလာမှုများပြားလာသည်ဖြစ်၍ လမ်းဒီဇိုင်းများ ပြန်လည်စစ်ဆေးပြုပြင်ရန်နှင့် လိုအပ်သည့်နေရာများတွင် အနိမ့်အမြင့်ဖြေညှိရန် လိုအပ်ကြောင်း၊ လမ်းကွေ့များတွင် လုံလောက်သောအကျယ်ရရှိစေရန် ရန်ပုံငွေများတင်ပြတောင်းခံ၍ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ ဖောင်တော်ဦးမြတ်စွာဘုရား၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားခဲ့သည့် သာသနိကအဆောက်အအုံများနှင့် ကမ်းထိန်းနံရံပြုပြင် ဆောင်ရွက်နေမှုများကို ဆက်လက်ကြည့်ရှုရာ ငလျင်ဒဏ်ကြောင့် ဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော်ကြီး အောက်ခြေတိုင်ကို Concrete Jacketing စနစ်ဖြင့် အားဖြည့်ပြုပြင်ခြင်း လုပ်ငန်းကိုလည်းကောင်း၊ ဖောင်တော်ဦးမြတ်စွာဘုရား၏ မြေထိန်းနံရံအား ပြုပြင်ဆောင်ရွက်ရာတွင် Sheet Pile များ ရိုက်သွင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ ဘုရားရင်ပြင်ပေါ်တွင် စကျင်ကျောက်ပြားခင်းခြင်းအတွက် ပြင်ဆင်နေမှုများကိုလည်းကောင်း ကြည့်ရှုပြီး Sheet Pile များ ရိုက်သွင်းပြီးနောက် ယင်းအပေါ်တွင် Dowel bar များ တပ်ဆင်၍ ကွန်ကရစ်လက်ရန်းများ အလှဆင်ခြင်းလုပ်ငန်းတပ်ဆင်ရန်နှင့် မြောက်ဘက်နှင့် အနောက်မြောက်ဘက်အခြမ်း လုပ်ငန်းအား ဦးစားပေးဆောင်ရွက်ရန်၊ သာသနိကအဆောက်အအုံများ ပြင်ဆင်ရာတွင် လက်ရာလက်သားကောင်းမွန်စွာဖြင့် ငလျင်ဒဏ်ခံနိုင်ရေးနှင့် မြန်မာမှုလက်ရာများကိုပါ ထည့်သွင်းဆောင်ရွက်စေလိုကြောင်း မှာကြားခဲ့ပြီး ဘုရားပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီးဒေါ်နုမြဇံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရား၊ ယဉ်ကျေးမှုပြတိုက်နှင့်စာကြည့်တိုက်တို့သို့ ကွင်းဆင်းစစ်ဆေး

**မန္တလေး ဧပြီ ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု) ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားနှင့် ရင်ပြင်ပေါ်ရှိ ထိခိုက်ပျက်စီးခဲ့သော နေရာများ၊ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်၊ မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်သို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု) ဒုတိယဝန်ကြီးနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများသည် မဟာမုနိဘုရားသို့ရောက်ရှိရာ မန္တလေး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တန်ဆောင်း၊ မုခ်ဦးပြုပြင်ထိန်းသိမ်းမှုများကို မဟာမုနိဘုရား ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့က ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးမှ မဟာမုနိဘုရားရုပ်ပွားတော်အား ငလျင်ဒဏ်ခံနိုင်ရေးအတွက် အများပြည်သူအား ဆက်လက်ရွှေချခြင်းမပြုစေဘဲ ရုပ်ပွားတော်ရှိ အဆင်တန်ဆာများအား ဝန်ပေ့ါအောင် စနစ်တကျဖြုတ်သိမ်း၍ မှတ်တမ်းတင်ထားရှိရန်၊ မလိုအပ်သော အဆင်တန်ဆာများကို ပြခန်းတွင် ပြသထားရှိသွားရန်၊ အနောက်ဘက်မုခ်နှင့် တောင်ဘက်မုခ်ရှိ ထိခိုက်ပျက်စီးခဲ့သော နံရံပန်းချီများကို မူလအစိတ်အပိုင်း ရနိုင်သလောက် ပြန်ဆက်ရန်၊ နဂိုရှိရင်း နံရံဆေးရေးပန်းချီ မှတ်တမ်းဓာတ်ပုံများနှင့် တိုက်ဆိုင်စစ်ဆေးပြီး နံရံပန်းချီအပိုင်းအစများကို မူလပုံစံအတိုင်းရရှိအောင် ပြန်လည် ဆောင်ရွက်သွားရန်၊ နံရံပန်းချီထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်အလိုက်၊ အသုံးပြုမည့်ဆေး အမျိုးအစား၊ ဦးစားပေးဆောင်ရွက်မည့်နေရာ အစရှိသည်တို့ ပါဝင်သော စီမံချက်ရေးဆွဲ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မဟာမုနိဘုရားရှိ ကြေးရုပ်ပြတိုက်မှလဲသွားသော အရုပ်ကို ပြန်လည်တည့်မတ်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ ကွဲအက်သွားသော ပဒုံမင်း ကောင်းမှု ခေါင်းလောင်းကို ပြန်လည်ပြုပြင်ရန်ကိစ္စနှင့်ပတ်သက်၍ လည်းကောင်း မှာကြားသည်။

ဆက်လက်၍ လမ်း၈၀၊ ၂၄x၂၅ ကြားရှိ မန္တလေးယဉ်ကျေးမှုပြတိုက်သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီး၊ ပြသပစ္စည်းများနှင့် ပြန်လည်ပြုပြင်ထားသည့် မှတ်တမ်းဓာတ်ပုံများ နှိုင်းယှဉ်၍ မှတ်တမ်းအဖြစ်ပြသသွားရန်နှင့် စာကြည့်တိုက်ရှိ သတင်းစာများကို နှစ်အလိုက်စာအုပ်ချုပ်၍ သိမ်းဆည်းသွားရန် မှာကြားသည်။

မြနန်းစံကျော် ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုနည်းခြင်းသည် ခင်းကျင်းပြသရာတွင် မူလကပင် ငလျင်ဒဏ်ခံနိုင်အောင် ဆောင်ရွက်ခဲ့၍ နောင်တွင် မည်သည့်ပြတိုက်မဆို အလားတူ ငလျင်ဒဏ်ခံနိုင်အောင် ခင်းကျင်းရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၂၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက်သမားတွေရဲ့ လက်အောက်မှာ အသက်နဲ့ရင်းပြီး ဘုရားဖူးနေရသော ပြည်သူများ"** ခေါင်းစဉ်ဖြင့် ဧပြီ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လသားကလေးငယ်ပါမချန် အကြောင်းမဲ့သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၈၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိ

**(၂၈-၄-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၀-၄-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၄-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၇၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း COVID-19 ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# သူတို့ ဝင်မစွက်စေနဲ့

**မြန်မာနိုင်ငံမှာ ဒီနှစ်နှောင်းပိုင်း ဒါမှမဟုတ် နောက်နှစ်အစောပိုင်းမှာ ရွေးကောက်ပွဲတွေ ကျင်းပဖို့ရှိတယ်။ မြန်မာနိုင်ငံဟာ ရွေးကောက်ပွဲတွေကို ကိုယ့်ရဲ့စံတန်ဖိုးတွေနဲ့အညီသာ ကျင်းပသင့်ပါတယ်။ ဒီမိုကရေစီနဲ့ ရွေးကောက်ပွဲတွေရဲ့ အဓိပ္ပာယ်ကို သူတို့ရဲ့ အမြင်နဲ့ပဲ တင်းကျပ်စွာ သတ်မှတ်ပြီး ကမ္ဘာ့တောင်ဘက်ခြမ်း နိုင်ငံတွေအပေါ် သူတို့ရဲ့ စံတန်ဖိုးတွေနဲ့လာပြီး ဆရာလုပ်နေကျ ကမ္ဘာ့နိုင်ငံအချို့ရဲ့ စွက်ဖက်မှုကို လက်ခံစရာ မလိုပါဘူး။ မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာကို အလေးအနက်ထားတဲ့ နိုင်ငံဖြစ်တဲ့အတွက် အဲဒီနိုင်ငံတွေက မြန်မာ့စံတန်ဖိုးနဲ့ ဓလေ့ထုံးတမ်းတွေကို နားလည်နိုင်မှာမဟုတ်ဘူး။ (Global South ဆိုတာ အာဖရိက၊ လက်တင်အမေရိက၊ အာရှတိုက်နဲ့ အရှေ့အလယ်ပိုင်း ဒေသတချို့မှာရှိတဲ့ နိုင်ငံတွေကို အဓိကအားဖြင့် ပြောတာပါ။)**

အခုအနောက်နိုင်ငံတွေမှာ ဒီမိုကရေစီရဲ့ အဓိပ္ပာယ်အမှန်ကို အတော်လေး ပြင်းပြင်းထန်ထန် အငြင်းအခုံတွေ ဖြစ်နေကြတယ်။ ကမ္ဘာ့ဂျင်ပေါ် ကထုံးတစ်စုတို့က ကမ္ဘာ့ရေးရာတွေမှာ နှစ် ၈၀ လုံးလုံး အတိုက်အခံမရှိ လက်ဝါးကြီးအုပ်ခဲ့တုန်းက ဒီမိုကရေစီဆိုတာရဲ့ အဓိပ္ပာယ်အပေါ် အငြင်းအခုံ ရယ်လို့ မရှိခဲ့ပါဘူး။ နှစ် ၈၀ လောက်ကြာတဲ့အထိ သူတို့ အမြင်တွေကို မေးခွန်းထုတ်မယ့်သူမရှိဘဲ ကမ္ဘာကို ကုပ်ခွစီးနိုင်ခဲ့ကြသပေါ့။

ဒီမိုကရေစီဆိုတာ ဘာလဲဆိုတာကို မေးခွန်းထုတ်တဲ့အခါ ဥပမာအားဖြင့် ပြင်သစ်မှာ ဖြစ်နေတဲ့ အခြေအနေတွေကိုကြည့်။ ဒါမှမဟုတ် ဟန်ဂေရီရဲ့ သတ္တိရှိတဲ့ ဝန်ကြီးချုပ်ကို မေးကြည့်။ ဒါမှမဟုတ် ဆလိုဗက်ကီးယားရဲ့ ဆုံးဖြတ်ချက်ခိုင်မာတဲ့ ခေါင်းဆောင်ကို အကျိုးအကြောင်းမေးကြည့်နိုင်တယ်။ ရိုမေးနီးယားမှာ ဖြစ်နေတဲ့ အခြေအနေတွေကိုလည်းကြည့်လိုက်ဦး။ ဒီမိုကရေစီပုံစံ ဘယ်လိုဖြစ်သင့်လဲဆိုတာနဲ့ ပတ်သက်ပြီး လူတိုင်း တစ်သဘောတည်း မဟုတ်ဘူးဆိုတာကို တွေ့နိုင်တယ်။ ဒီလို မတူကွဲပြားသူတွေရဲ့ စာရင်းမှာ နာမည်တွေ တိုးသည်ထက်တိုးနေဦးမှာပါ။

ကမ္ဘာ့ဂျင်ပေါ်ကထုံး စာရင်းရဲ့ ထိပ်ဆုံးမှာ ရှိနေသူတွေကတော့ ဂျီနီဗာနဲ့ နယူးယောက်ဆင်စွယ်နန်းတော်တွေဆီမှာ ဇိမ်ခံနေကြတဲ့ ကိုယ့်ဘက်ကိုယ်ယက်တဲ့ ကိုယ်ကျိုးရှာသူတွေပါပဲ။

သူတို့ဖန်တီးခဲ့တဲ့ အဓိကလုပ်ငန်း မဏ္ဍိုင်ကြီးတွေထဲက တစ်ခုက ငြိမ်းချမ်းရေးလို့ ဆိုတယ်။ လောလောဆယ် မှတ်မိသလောက် သူတို့အကျိုးဆောင်ခဲ့တဲ့ ငြိမ်းချမ်းရေး ဘယ်မှာရှိသလဲ။ တစ်ချက်လောက်မှန်းကြည့်။ ဘာမှမရှိ နတ္ထိ။ ပြီးခဲ့တဲ့နှစ်များစွာ၊ ဆယ်စုပေါင်းများစွာအတွင်း ငြိမ်းချမ်းရေး အကျိုးဆောင်ခဲ့တာနဲ့ အလားတူကိစ္စတွေမှာ အောင်မြင်မှု မှတ်တမ်းရယ်လို့ ပြစရာ သူတို့မှာ တစ်ခုမှမရှိ။ ရှိတာက ကြံရာမရ ဖြစ်ခြင်းမျှသာ။ ငြိမ်းချမ်းရေးနိုဗယ်ဆု အိပ်မက်ကလည်း မြန်မြန်ဆန်ဆန်ပဲ မှုန်ဝါးလွင့်ပြယ်သွားခဲ့ပြီ။ လူတစ်ယောက် ကြံရာမရ ဖြစ်လာတဲ့အခါ အကြံကုန် ဂဠုန်ဆားချက် လုပ်လာတတ်တယ်။ ပြစရာ ဥပမာတစ်ခုကတော့ နယူးယောက်က သူတို့ရဲ့ ခေါင်းဆောင်ကြီး မိုက်တီး မကြာသေးမီက ကော့စ်ဘဇားဒုက္ခသည်စခန်းတွေရှိ



www.gnlm.com.mm 9 APRIL 2025 THE GLOBAL NEW LIGHT OF MYANMAR 9

ARTICLE

## Don't Let Them Interfere

By Kyaw Myint Tun (Paris)

THERE will be elections in Myanmar later this year or early next year.

Myanmar should carry out the elections in accordance with Myanmar values. Not imposed upon from the usual corners of the world who have been preaching the meaning of elections and democracy strictly based on their views, and imposing their values upon countries in the global South! In the case of Myanmar, it is a staunchly Buddhist country. They don't understand Myanmar's values and traditions.

There is a fierce debate going on in the West about the meaning of democracy. Democracy as long as there is no debate about the rules of the global order set by the globalist elitists, who have had unfettered monopolies in the past 80 years. 80 years, they have had a ride without any question to their views.

The meaning of democracy? Just look at France! Shall we ask the courageous Prime Minister of Hungary? How about the courageous leader of Slovakia? Let's look at what's going on in Romania. The list just goes on and on!

At the top of the list of globalist elitists are those self-absorbed people (SAPs) from the ivory towers in Geneva and New York!

One of the main pillars of their creation was peace. Where have they brokered peace in the recent memory? Point one! There is none! They have no success record to show for years/decades in terms of brokering peace and thus, there is desperation. The dream of the Nobel Peace Prize fading away fast! When one is desperate, there is a tendency to act irrationally. Case in point their mighty leader from New York visited the camps in Cox's Bizarre recently. The crisis erupted in 2017, his first year. All these years, there was no visit to Cox's Bizarre. Now that nearing the end of the term, dropped in Cox's Bizarre for a photo op. Compassion? Please!

Myanmar suffered from one of the worst earthquakes in more than 100 years. It's true all's not well with Myanmar. But, in his remarks supposedly about the earthquake, which lasted three minutes (taking no questions from the reporters), the high and mighty big Boss in New York couldn't help but veer into politics. The remarks were not one of empathy. It was a political statement! The announcement was made that the Humanitarian Chief would be despatched. Fair enough! It was also announced that a Special Envoy would be despatched too! For what? What is the person going to do? Again, they can't help but mix politics in every given opportunity. About those so-called Envoys, what have each and every one of them achieved in the last more than 20 years? These appointments have been made to park some "has beens", to send those who are no longer wanted in New York into "exile", a payback for someone who has done a favour, DEI, and so on. Not one single appointment is in the best interest of Myanmar people.

These people, together with usual globalist elitists are oblivious to the reality of today. Global order as it existed is not changing. It has changed drastically! But these SOPs remain in denial. They should look at the newsstands. A current issue of a leading magazine said, in relation to the US politics, "Congress's Age of Irrelevance". Another leading magazine said "Curtains for Europe". These are far-left liberal magazines!! Another leading conservative newspaper ran an article with the headline "Global Economic Order Gets Reshuffled".

Speaking of the Big Uncle, how about the "the Court"? The internal panel has claimed the self-righteous "prosecutor" tried to retaliate in connection with the sexual misconduct. Note, that this is an "internal" investigation. There was no courage to bring in totally independent external investigators. Even then, the misconduct must be of such a scale that even the internal investigation could not shove it under the rug. This is the guy who is handing out arrest warrants left and right to the world leaders who actually matter to the fate of world peace. Anyone with the slightest of shame would have stepped aside. But not this one. No dignity! No shame! The big boss in New York has said nothing! The courageous leader of Hungary said the country would be leaving the Treaty.

They have been in Sudan for decades. Just look at what's going on in Sudan. South Sudan was their latest "baby". Just look at what's going on in South Sudan. They can't solve anything. Not especially when the "Uncles" are involved. Look at Ukraine. Look at the Middle East! Not a single thing they can do. Enter Myanmar, their usual bully target!

As for the Human Wrongs people in the ivory towers in Geneva, they live on their own planet far away from reality! The team on the ground in Myanmar, those who witnessed the tragedy caused by the natural disaster firsthand, said they have seen no blockage of aid to the quake victims. But the Human Wrongs, far away living in luxury and out of touch couldn't help to put out a statement that Myanmar's military is choking aid. It's all about their own interest. There is a glaring example of what's wrong with the whole system. Let's ask the big powers like the United States, Russia and China for their views on these Human Wrongs people. The fate of the world will not depend on these Human Wrongs!!!! Like the ceiling. The whole place is dripping with rot!

For the coming elections in Myanmar, don't let any of those SOPs and countries claiming transparency, democracy and what's fair and not fair elections come anywhere nearby. They'll just come with ulterior motives preaching inclusive this, inclusive that. Keep them out and keep them far away. Do what's best for Myanmar internally and with the help of friendly countries.

***The views expressed in this article are those of the author.***

ရာဆီ သွားခဲ့ပုံမျိုးပေါ့။ တကယ်တော့ ဒီအကျပ်အတည်းဟာ မိုက်တီး ခေါင်းဆောင် ရာထူးစယူတဲ့ ၂၀၁၇ ခုနှစ်မှာကတည်းက စဖြစ်တာ။ အဲဒီနှစ်တွေအားလုံး ကော့စ်ဘဇားကို သူတစ်ခါတစ်ခေါက်မှ မရောက်ခဲ့ပါဘူး။ အခု ရာထူးသက်တမ်းကုန်ခါနီးပါမှ ဓာတ်ပုံရိုက်ခံ၊ အကြံအဖန်လုပ်ဖို့ ကော့စ်ဘဇားကို ကောက်ကာငင်ကာ ရောက်ချလာတာပါ။ အဲဒါ ကရုဏာ၊ မေတ္တာတဲ့လား၊ ပြောစမ်းပါဦး။

မြန်မာနိုင်ငံမှာ အနှစ်တစ်ရာကျော်အတွင်း အဆိုးဆုံးလို့ပြောရလောက်တဲ့ ငလျင်ကြီးရဲ့ဒဏ်ကို ခံလိုက်ရတယ်။ အားလုံးက မြန်မာနိုင်ငံနဲ့ထပ်တူ ဝမ်းနည်းခံစားခဲ့ကြရတာလည်း အမှန်ပဲ။ ဒါပေမယ့် ခေါင်းဆောင်ကြီး မိုက်တီးကတော့ ငလျင်အကြောင်း ဆိုလို့ နောက်ဆုံး သုံးမိနစ်လောက်ပဲ ပြောသွားတယ်။ (သတင်းထောက်တွေရဲ့ မေးခွန်းကိုလည်း ဖြေမသွားဘူး။) နယူးယောက်က အထက်စီးဆန်တဲ့ မိုက်တီးပုဂ္ဂိုလ်ကြီးက နိုင်ငံရေးစကားတွေ မပြောဘဲ မနေနိုင်ဘူး။

သူ့ရဲ့မှတ်ချက်စကားက ငလျင်ဒဏ်ခံခဲ့ရတဲ့ သူတွေအပေါ် စာနာထောက်ထားမှုတစ်ခု ဖြစ်မလာခဲ့ပါဘူး။ အဲဒီအစား နိုင်ငံရေးဆိုင်ရာ ထုတ်ပြန်ချက်တစ်ခုပဲ ဖြစ်လာခဲ့ပါတယ်။ (သူက) လူသားချင်းစာနာမှုဆိုင်ရာ အကြီးအကဲရယ်၊ အထူးကိုယ်စားလှယ်ရယ်ကို အကူအညီပေးဖို့ လွှတ်မယ်လို့ ကြေညာခဲ့ပါတယ်။ ဒါပေမယ့် သူတို့တွေ ဘာလာလုပ်မှာလဲ၊ ဘာတွေ အကောင်အထည်ဖော်ပေးမှာလဲဆိုတာ မေးစရာပဲ။ အရင် နှစ်ဆယ်လောက်ကတည်းက သူတို့တွေ ဘာမှထူးထူးခြားခြား လုပ်ခဲ့တာမရှိဘူး။ ဒီလို ခန့်အပ်တာတွေက တကယ်တမ်း မြန်မာပြည်ကလူတွေကိုကူညီဖို့ထက်နိုင်ငံရေးအတွက်လှည့်ကွက်တွေလုပ်တာပါပဲ။ တကယ်တော့ ဒီလို ကပ်ဆိုးတွေ ကျရောက်ရင် သူတို့ရဲ့ တုံ့ပြန်ပုံတွေက နိုင်ငံရေးတွေနဲ့ ရောထွေးနေပြီး ဘာမှ အရာမရောက်ပါဘူး။

သံတမန်တွေပါလို့ခေါ်တဲ့ လူတွေရဲ့ လုပ်ဆောင်နိုင်စွမ်းကလည်း မေးခွန်းထုတ်စရာပါ။ အဲဒီသံတမန်တွေဟာ လွန်ခဲ့တဲ့ နှစ် ၂၀ အတွင်းမှာ ဘာတွေ အောင်အောင်မြင်မြင် လုပ်နိုင်ခဲ့လဲ။ ဘာမှ သိသိသာသာ အကျိုးရှိအောင် မလုပ်နိုင်ခဲ့ဘူး။ ဒီခန့်အပ်မှုတွေဟာ မြန်မာနိုင်ငံကို တကယ်ကူညီဖို့ ရည်ရွယ်တာမဟုတ်ဘူး။ နယူးယောက်မှာ DEI အစီအစဉ် (ကွဲပြားခြားနားမှု၊ တန်းတူညီမျှမှု၊ ပါဝင်နိုင်မှု)အရ ခန့်အပ်မှုတွေသာဖြစ်ပြီး မြန်မာပြည်သူတွေရဲ့ လိုအပ်ချက်ကို အကောင်းဆုံး ဖြည့်ဆည်းပေးတာ မဟုတ်ဘူး။ ဒီခန့်အပ်မှုတွေ အားလုံးဟာ မြန်မာနိုင်ငံရဲ့အကျိုးကို ထည့်မစဉ်းစားဘဲလုပ်ထားတာ။

ဒီလူတွေနဲ့အတူပဲ ကမ္ဘာလုံးဆိုင်ရာ ဂျင်ပေါ်ကထုံးတွေကတော့ မျက်မှောက်ကမ္ဘာ့ နိုင်ငံရေးအခြေအနေတွေကို အမှန်အတိုင်း လုံးဝမသိကြဘူး။ အရင်သိခဲ့ကြတဲ့ ကမ္ဘာ့အစီအစဉ်က ရိုးရိုးပြောင်းလဲသွားတာမဟုတ်ဘူး၊ လုံးဝကို ပြောင်းပြန်ဖြစ်သွားတာ။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ်ပဲ ကိုယ့်ကျိုးရှာနေတဲ့ ဒီလူတွေကတော့ အမှန်တရားကို ငြင်းဆန်နေတုန်းပဲ။ သူတို့စာနယ်ဇင်းတွေကို တစ်ချက်လောက် ကြည့်သင့်တယ်။ မကြာသေးခင်က နာမည်ကြီး မဂ္ဂဇင်းတစ်စောင်မှာ အမေရိကန်နိုင်ငံရေးအကြောင်းကို **"ကွန်ဂရက်ရဲ့ အရေးမပါတဲ့ခေတ်"** လို့ ရေးထား တယ်။ နောက်ထပ် နာမည်ကြီး မဂ္ဂဇင်းတစ်စောင်ကလည်း **"ဥရောပရဲ့ ကန့်လန့်ကာ"** လို့ ပြောထားတယ်။ ဒါတွေက လက်ဝဲစွန်း လစ်ဘရယ် အမြင်ရှိတဲ့ မဂ္ဂဇင်းတွေနော်၊ တစ်ဖက်မှာလည်း နာမည်ကြီး လက်ယာဝါဒီသတင်းစာတစ်စောင်က **"ကမ္ဘာ့စီးပွားရေးအစီအစဉ် ပြန်ပြင်ဆင်ခံရ"**လို့ ခေါင်းစဉ်တပ်ထားတဲ့ ဆောင်းပါးကို ဖော်ပြထားတယ်။

(ဒီဂလိုဘယ်အထက်တန်းလွှာတွေက လက်တွေ့အခြေအနေနဲ့ အဆက်ပြတ်နေပုံရတယ်။ ကမ္ဘာ့အစီအစဉ်က သိသိသာသာ ပြောင်းလဲသွားပေမယ့် သူတို့က အသိအမှတ်ပြုဖို့ ငြင်းဆန်နေကြတယ်။ မဂ္ဂဇင်းအမျိုးမျိုးမှာပါတဲ့ မကြာသေးခင်က ဆောင်းပါးတွေက အမေရိကန်နိုင်ငံရေးရဲ့ ကျဆင်းမှုနဲ့ ဥရောပရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ဖော်ပြပြီး အခြေအနေက သူတို့ပြောသလို တည်ငြိမ်မှုမရှိဘူးဆိုတာကို ပြသနေတယ်။)

အပြည်ပြည်ဆိုင်ရာ တရားရုံးစနစ်ထဲမှာလည်း ပြဿနာတွေရှိနေပါတယ်။ **"အန်ကယ်ဆမ်ကြီး"** ပြောတဲ့အထဲမှာ **"အပြည်ပြည်ဆိုင်ရာ တရားရုံး"** အကြောင်းလည်း ပါပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဖြောင့်မတ်တယ်ထင်နေတဲ့ **"တရားစွဲဆိုရေးမှူး"**က လိင်ပိုင်းဆိုင်ရာ မတော်မတရားမှုနဲ့ ပတ်သက်ပြီး လက်တုံ့ပြန်ဖို့ ကြိုးစားနေတယ်လို့ ဌာနတွင်းစုံစမ်းစစ်ဆေးရေးအဖွဲ့က ဆိုပါတယ်။ အဲဒါ ဌာနတွင်းစုံစမ်းစစ်ဆေးရေးနော်။ လုံးဝလွတ်လပ်တဲ့ ပြင်ပစုံစမ်းစစ်ဆေးသူတွေကို ပါဝင်ခိုင်းဖို့တော့ သူသတ္တိမရှိဘူး။ လိင်ပိုင်းဆိုင်ရာ မတော်မတရားမှုက

စာမျက်နှာ ၁၇ သို့

- ❖ **ကမ္ဘာလုံးဆိုင်ရာ ဂျင်ပေါ်ကထုံးတွေကတော့ မျက်မှောက်ကမ္ဘာ့နိုင်ငံရေးအခြေအနေတွေကို အမှန်အတိုင်း လုံးဝမသိကြဘူး။ အရင်သိခဲ့ကြတဲ့ ကမ္ဘာ့အစီအစဉ်က ရိုးရိုးပြောင်းလဲသွားတာမဟုတ်ဘူး၊ လုံးဝကို ပြောင်းပြန်ဖြစ်သွားတာ။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ်ပဲ ကိုယ့်ကျိုးရှာနေတဲ့ ဒီလူတွေကတော့ အမှန်တရားကို ငြင်းဆန်နေတုန်းပဲ။ သူတို့ စာနယ်ဇင်းတွေကို တစ်ချက်လောက် ကြည့်သင့်တယ်။ မကြာသေးခင်က နာမည်ကြီးမဂ္ဂဇင်းတစ်စောင်မှာ အမေရိကန်နိုင်ငံရေးအကြောင်းကို "ကွန်ဂရက်ရဲ့ အရေးမပါတဲ့ခေတ်"လို့ ရေးထားတယ်။ နောက်ထပ် နာမည်ကြီး မဂ္ဂဇင်းတစ်စောင်ကလည်း "ဥရောပရဲ့ ကန့်လန့်ကာ" လို့ ပြောထားတယ်**
- ❖ **ဂျီနီဗာ ဇိမ်နဲ့ နှပ်နေကြတဲ့ လူ့အခွင့်အရေး မကာကွယ်နိုင်သူတွေကတော့ လက်တွေ့ကမ္ဘာနဲ့ အဆက်အသွယ်ပြတ်နေတဲ့ အိပ်မက်ကမ္ဘာထဲမှာ နေကြတာ။ မြေပြင်မှာ သဘာဝဘေးအန္တရာယ်ရဲ့ ပျက်စီးမှုကို ကိုယ်တိုင်မြင်နေတဲ့ အဖွဲ့ကတော့ မြန်မာနိုင်ငံက ငလျင်ဒုက္ခသည်တွေကို အကူအညီပေးတာကို ဘာအတားအဆီးမှ မတွေ့ဘူးလို့ပြောတယ်။ ဒါပေမယ့် အဝေးကြီးမှာ ဇိမ်ခံနေပြီး မြန်မာနဲ့ အဆက်အသွယ်ပြတ်နေတဲ့ လူ့အခွင့်အရေး မကာကွယ်ပေးနိုင်သူတွေကတော့ မြန်မာ့တပ်မတော်က အကူအညီတွေကို ပိတ်ဆို့နေတယ်လို့ ကြေညာချက်တွေ ထုတ်နေတယ်**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## အမှိုက်ခြောက်စနစ်တကျစွန့်ပစ်ရေးနှင့် ပလတ်စတစ်အစားထိုးသုံးစွဲရေးအသိပညာပေး

**တွံတေး မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဘုရားကြီးစံပြကျေးရွာရှိ သစ်နှင့်သစ်တောထွက်ပစ္စည်းစစ်ဆေးရေး အခွန်တော်ကင်းစခန်း



အစည်းအဝေးခန်းမ၌ အမှိုက်စို၊ အမှိုက်ခြောက် စနစ်တကျစွန့်ပစ်ရေးနှင့် ပလတ်စတစ် အစားထိုးသုံးစွဲရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းအာကာက မိမိတို့ မြို့၊ ရွာ သန့်ရှင်းလှပအောင် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်၊ ပလတ်စတစ်လျှော့ချသုံးစွဲခြင်းနှင့် အမှိုက်များကို အစို၊ အခြောက် ခွဲခြား၍ စနစ်တကျစွန့်ပစ်ခြင်းဖြင့် ရရှိမည့် ကောင်းကျိုးများ၊ ပလတ်စတစ်အစား ငှက်ပျောဖက်၊ စက္ကူအစရှိသည်တို့ကို အသုံးပြုခြင်းနှင့်ပလတ်စတစ်ပစ္စည်းများအစား ဖန်၊ကြွေ၊စတီး အစရှိသည်တို့ဖြင့် ပြုလုပ်ထားသော အရာများကိုသာ အသုံးပြုကြရန် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဘုရားကြီး ကျေးရွာဒေသခံများနှင့်အတူ တွံတေး-ကော့မှူး ကားလမ်းဘေး၌ ပလတ်စတစ်နှင့် အမှိုက်စို၊ အမှိုက်ခြောက်များ ခွဲခြား၍ စုပေါင်းအမှိုက်ကောက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တွံတေးသား**

## လှိုင်ကော်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေး

**လှိုင်ကော် မေ ၂၈**

ကယားပြည်နယ် လှိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စုအတွင်းရှိ လယ်ထွဲကျေးရွာ၊ ထီရိကျေးရွာ၊ ပဒါးညေးကျေးရွာတို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို မေ ၂၅ ရက်မှ ၂၇ ရက်အထိ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လုပ်ငန်းအား နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်မင်းအေး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှူး ဦးကျော်စိုးမိုးနှင့်ဝန်ထမ်းများက ပြည်သူများလက်ဝယ်သို့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုဇင်(ပြန်/ဆက်)**



## ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

*စာမျက်နှာ ၁၆ မှ*

ဌာနတွင်းစုံစမ်းစစ်ဆေးမှုနဲ့ ဖုံးကွယ်လို့မရလောက်အောင် ကြီးလေးပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အရေးပါတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေကို ညာသံပေးပြီး ဖမ်းဝရမ်းတွေထုတ်နေတဲ့သူက ဒီလူပဲ။ နည်းနည်းလေးတောင် ရှက်တတ်ရင်ရာထူးက နုတ်ထွက်သွားသင့်တယ်။ ဒါပေမယ့် ဒီလူက မနုတ်ထွက်ဘူး။ ဂုဏ်သိက္ခာလည်း မရှိဘူး၊ ရှက်လည်းမရှက်ဘူး။ နယူးယောက်က ခေါင်းဆောင်ကြီး မိုက်တီးကလည်း တုဏှီဘာဝေ တိတ်ဆိတ်နေတယ်။ ဟန်ဂေရီရဲ့ သတ္တိရှိတဲ့ ခေါင်းဆောင်ကတော့ စာချုပ်ကနေ နုတ်ထွက်မယ်လို့ ကြေညာလိုက်ပြီ။

သူတို့က ဆူဒန်မှာ နှစ်ပေါင်းများစွာ ပါဝင်ပတ်သက်နေခဲ့တယ်။ အခု ဆူဒန်မှာ ဘာတွေဖြစ်နေလဲ ကြည့်လိုက်ဦး။ တောင်ဆူဒန်က သူတို့ရဲ့နောက်ဆုံး **"ရင်သွေးငယ်"**ပဲ။ တောင်ဆူဒန်မှာ ဘာတွေဖြစ်နေလဲ ထပ်ကြည့်လိုက်ဦး။ သူတို့က ဘာပြဿနာကိုမှ မဖြေရှင်းနိုင်ဘူး။ အထူးသဖြင့် အန်ကယ်ကြီးတွေ ပါလာရင်ပိုဆိုးတယ်။ ယူကရိန်းကို ကြည့်ဦး။ အရှေ့အလယ်ပိုင်းကိုကြည့်ဦး။ သူတို့က ဘာမှအဓိပ္ပာယ်ရှိတဲ့ အကျိုးသက်ရောက်မှု မလုပ်နိုင်ဘူး။ အခု သူတို့က မြန်မာကို လှည့်လာပြီ။ သူတို့ရဲ့ ပုံမှန်အနိုင်ကျင့်နေကျ ပစ်မှတ်ပဲ။

ဂျီနီဗာ ဇိမ်နဲ့ နှပ်နေကြတဲ့ လူ့အခွင့်အရေး မကာကွယ်နိုင်သူတွေကတော့ လက်တွေ့ကမ္ဘာနဲ့ အဆက်အသွယ်ပြတ်နေတဲ့ အိပ်မက်ကမ္ဘာထဲမှာ နေကြတာ။ မြေပြင်မှာ သဘာဝဘေးအန္တရာယ်ရဲ့ ပျက်စီးမှုကို ကိုယ်တိုင်မြင်နေတဲ့ အဖွဲ့ကတော့ မြန်မာနိုင်ငံက ငလျင်ဒုက္ခသည်တွေကို အကူအညီပေးတာကို ဘာအတားအဆီးမှ မတွေ့ဘူးလို့ပြောတယ်။ ဒါပေမယ့် အဝေးကြီးမှာဇိမ်ခံနေပြီး မြန်မာနဲ့ အဆက်အသွယ်ပြတ်နေတဲ့ လူ့အခွင့်အရေး မကာကွယ်ပေးနိုင်သူတွေကတော့ မြန်မာ့တပ်မတော်က အကူအညီတွေကို ပိတ်ဆို့နေတယ်လို့ ကြေညာချက်တွေ ထုတ်နေတယ်။ ဒါတွေအားလုံးက သူတို့ရဲ့ ကိုယ်ကျိုးအတွက်ပဲ။ ဒီစနစ်ကြီးတစ်ခုလုံးက မှားယွင်းနေတယ်ဆိုတာ အင်မတန် ထင်ရှားတဲ့ သက်သေရှိပါတယ်။ အမေရိကန်၊ ရုရှား၊ တရုတ်လို အင်အားကြီးနိုင်ငံတွေကို ဒီလူ့အခွင့်အရေး မကာကွယ်ပေးနိုင်သူတွေနဲ့ ပတ်သက်လို့ သူတို့အမြင်တွေကို မေးကြည့်လိုက်ဦး။ ကမ္ဘာရဲ့ ကံကြမ္မာက ဒီကိုယ်ကျိုးရှာ "လု" အခွင့်အရေးသမားတွေပေါ်မှာ မူမတည်ဘူး။ စနစ်တစ်ခုလုံးက အတွင်းထဲကနေ ပုပ်နေပါပြီ။

မြန်မာနိုင်ငံရဲ့ လာမယ့်ရွေးကောက်ပွဲအတွက် ဒီကိုယ်ကျိုးရှာတဲ့လူတွေ ဒါမှမဟုတ် ပွင့်လင်းမြင်သာမှု၊ ဒီမိုကရေစီနဲ့ တရားမျှတတဲ့ ရွေးကောက်ပွဲကို အားပေးရမယ်လို့ပြောတဲ့ နိုင်ငံတွေကို ဝင်ရောက်စွက်ဖက်ခွင့်မပေးပါနဲ့။ သူတို့က ဖုံးကွယ်ထားတဲ့ ရည်ရွယ်ချက်တွေနဲ့ ရောက်လာပြီး ဟိုလူပါရမယ်၊ ဒီလူပါရမယ် စသည်ဖြင့် ဆရာလုပ်လိမ့်မယ်။ သူတို့ကို အပြင်အပ ဝေးဝေးမှာထားပြီး မြန်မာအတွက် အကောင်းဆုံးဖြစ်မယ့်အရာကို ပြည်တွင်းအင်အား၊ မိတ်ဆွေနိုင်ငံတွေရဲ့ အကူအညီများနဲ့ လုပ်ဆောင်ကြရမှာ ဖြစ်ကြောင်းပါ။

**(၉-၄-၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ကျော်မြင့်ထွန်း (ပါရီ)၏ Don't Let Them Interfere ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၌ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဉာဏိသရ အမှူးပြုသော သံဃာတော်များက ငလျင်ဒဏ်ကြောင့် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များအတွက် တစ်လပြည့်ရည်စူး ကုသိုလ်အမျှအတန်းပေးဝေပွဲကို ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တက်ရောက်လာကြသူများက မော်လမြိုင်မြို့ မြစေတီရဲကျောင်း ပရိယတ္တိစာသင်တိုက်မှ ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဝိနယပါဠိပါရဂူ အဘိဓဇအဂ္ဂမဟာ မင်္ဂလဓမ္မဇောတိက ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မော်လမြိုင်မြို့ မဟာမြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ပ-သုံးလုံးသာသနာပြုဟိတရေ မဟာမင်္ဂလဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီး ကိုယ်စား ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း(ဗဟို) အတွင်းရေးမှူး-၁ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် မင်္ဂလဓမ္မဇောတိကဓဇ ဦးမြတ်မင်းက ဝမ်းမြောက်ကြောင်း စကားလျှောက်တင်ပြီး နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဉာဏိသရထံမှ သံဝေဂတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ဆက်လက်ပြီး ဆရာတော်၊ သံဃာတော်၊ အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ရတနသုတ်၊ မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ ဥမင်သုံးဆယ်စေတီ၊ ဥမင်ကိုးဆယ်စေတီ၊ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်မြတ်စွာဘုရား၊ နန်းဦးမြို့သစ်ရှိ မဟာလှစေတီနှင့် မရှိခဏစေတီများတွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကို သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ငလျင်ဘေးကြောင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ သေဆုံးသူများ၏ မိသားစုများအား ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ် ၇၀၀ ပြည့် အားကစားခန်းမတွင် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး သက်ပို၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ခရိုင်/မြို့နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ငလျင်ဘေးကြောင့် သေဆုံးသွားသော မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ငလျင်ဘေးကြောင့် သေဆုံးသူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ခန့် ငြိမ်သက်ပေးကြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုက ငလျင်ဘေးကြောင့် သေဆုံးသူများ၏ မိသားစုဝင်များအား အားပေးစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ငလျင်ဘေးကြောင့် သေဆုံးသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥက္ကဋ္ဌထံသို့ ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၅၄၆၀ (၅၄၆ ဦး X ၁၀) လွှဲပြောင်းပေးအပ်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။ ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးကြောင့်သေဆုံးသွားသော မိသားစုဝင်များအား တစ်ဦးချင်း ထောက်ပံ့ပေးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ကျုံး၏တောင်ဘက်ရှိ ကျွန်းလုံးယူတံခါး ပြိုကျပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကိုသွားရောက် ကြည့်ရှုစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပို စစ်ကိုင်းမြို့ ဥမင်သုံးဆယ်နှင့် ဥမင်ကိုးဆယ်စေတီသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများသည် ပါရမီရပ်ကွက်ရှိ မဟာစည်းခုံကြီးစေတီအတွင်း ငလျင်ဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်းတွင် ထောက်ပံ့ပစ္စည်းများပေးဝေနေမှုကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ပန်းပဲတန်းရပ်ကွက်နှင့် မင်းလမ်းရပ်ကွက်ရှိ လူနေအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးတင့်နိုင်တို့သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်သည့် ငလျင်ဘေးအန္တရာယ်ကြောင့် တိုင်းဒေသကြီးအတွင်း သေဆုံးသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် လတ်တလော စားသောက်ရေးအဆင်ပြေစေရန် တစ်လစာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်၍ အခမ်းအနားမစတင်မီ အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခဲ့ကြသည်။ ထို့နောက် အခမ်းအနားသို့တက်ရောက်လာသော သေဆုံးသူများ၏ မိသားစုဝင်များအား စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများ အသီးသီးပေးအပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ငွေကျပ် ၁၀ သိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် ငါးသိန်းနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ငွေကျပ် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း သေဆုံးသူတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၈ သိန်းနှုန်းဖြင့် သေဆုံးသူ ၂၁၅၂ ဦးအတွက် ငွေကျပ် ၃၈၇၃၆၀၀၀၀၀ နှင့် နိုင်ငံတော်မှ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးသင့်သူ ၁၃၇၀၈၁ ဦးတို့အတွက် လတ်တလော စားသောက်ရေး အဆင်ပြေစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ တစ်လစာအတွက် ထောက်ပံ့ငွေကျပ် ၇၂၅၉၉၇၉၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် စိတ္တသုခကျောင်း၌ စိတ္တသုခကျောင်းဆရာတော် ဘဒ္ဒန္တကုလန္ဒက အား အမှူးထား၍ ၇ ရက်သားသမီးတို့၏ ကုသိုလ်ကောင်းမှုအစုစုတို့ဖြင့် သံဃာတော်များအား ပင့်ဖိတ်၍ကျင်းပပြုလုပ်အပ်သော ငလျင်ဘေးဒဏ်ကြောင့် ဘဝတစ်ပါး ဘုံတစ်ပါးသို့ ကူးပြောင်းကွယ်လွန်ပြီးဖြစ်သော ဆွေတော်မျိုးတော်အပေါင်းတို့အား ဖြစ်လေရာဘုံဌာနတို့၌ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာတို့ ရရှိခံစားနိုင်ရန် စိတ်ရည်သန်၍ မတကဘတ္တကုသိုလ်ပြု အမျှပေးဝေပွဲသို့တက်ရောက်၍ အလှူရှင်များနှင့်အတူ ကြွရောက်လာသောဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ၍ ၇ ရက်သားသမီးအပေါင်းတို့အား အမျှအတန်းပေးဝေခြင်းနှင့် အနုမောဒနာတရား နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် သင်ခန်းစာများ ပြန်လည်သင်ကြားလေ့ကျင့်နေသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကား ပြောကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့်အဖွဲ့သည် မန္တလေးမြို့ နန်းမြို့ရိုးသို့ ရောက်ရှိပြီး ကျုံးပတ်လည်တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီးစီးမှုများကို လည်းကောင်း၊ ကျုံး၏အရှေ့ဘက်ရှိ ရတနာပုံဥယျာဉ် ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုအခြေအနေများကိုလည်းကောင်း၊ ကျုံး၏တောင်ဘက်ရှိ ကျွန်းလုံးယူတံခါး ပြိုကျပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းနေပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်၊ ရှေးဟောင်းလက်ရာများ ပါရှိသည့်အတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ မူလပုံစံအတိုင်း ရှေးမူလက်ရာမပျက် တည်ဆောက်ရမည်ဖြစ်ပြီး ပြန်လည်သုံးစွဲ၍ရသည့် ရှေးဟောင်းလက်ရာပစ္စည်းများအား ထည့်သွင်းသုံးစွဲရမည်ဖြစ်သည့်အတွက် ပျက်စီးသွားသော အဆောက်အအုံများမှ

စာမျက်နှာ ၁၉ သို့

# အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ အုပ်စုမဲခွဲပြီး မြန်မာအသင်း အိန္ဒိယ၊ အင်ဒိုနီးရှား၊ တာ့ခ်မင်နစ္စတန်တို့နှင့်အတူ တစ်အုပ်စုတည်း ကျရောက်

**ရန်ကုန် ဧပြီ ၂၈**

၂၀၂၆ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဧပြီ ၂၈ ရက်က မလေးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်းသည် အုပ်စု (D) တွင် အိန္ဒိယ၊ အင်ဒိုနီးရှား၊ တာ့ခ်မင်နစ္စတန်တို့နှင့် ကျရောက်ခဲ့သည်။

ခြေစစ်ပွဲကို ဩဂုတ် ၂ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု (D) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိထားသည်။ ခြေစစ်ပွဲ အုပ်စု (A) ကို ဘူတန်၊ အုပ်စု (B) ကို ဗီယက်နမ်၊ အုပ်စု (C) ကို တာဂျစ်ကစ္စတန်၊ အုပ်စု (D) ကို မြန်မာ၊ အုပ်စု (E) ကို တရုတ်(တိုင်ပေ)၊ အုပ်စု (F) ကို မလေးရှား၊ အုပ်စု (G) ကို ဥဇဘက်ကစ္စတန်၊ အုပ်စု (H) ကို လာအို နိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သည်။ ယင်း ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၃၃ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပသည့် ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ရှစ်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး သုံးသင်း စုစုပေါင်း ၁၁ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် မြောက်ကိုရီးယား၊ နီပေါ၊ ဘူတန်၊ မွန်ဂိုလီးယား၊ ဆော်ဒီအာရေဗျ၊ အုပ်စု (B)တွင် ဗီယက်နမ်၊ ကာဂျစ္စတန်၊ ဟောင်ကောင်၊ စင်ကာပူ၊ အုပ်စု (C)တွင် ဩစတြေးလျ၊ တရုတ်(တိုင်ပေ)၊ ပါလက်စတိုင်း၊ တာဂျစ်ကစ္စတန်၊ အုပ်စု (D)တွင် မြန်မာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ တာ့ခ်မင်နစ္စတန်၊ အုပ်စု (E)တွင် တရုတ်၊ လက်ဘနွန်၊ ကမ္ဘောဒီးယား၊ ဆီးရီးယား၊ အုပ်စု (F) တွင် ဂျပန်၊ အီရန်၊ မလေးရှား၊ ဂူအမ်၊ အုပ်စု (G) တွင် ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်၊ မြောက်မာရီယာနာကျွန်းစု၊ ဘာရိန်း၊ အုပ်စု (H) တွင် တောင်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုနှင့် တီမောအသင်းတို့ ပါဝင်နေသည်။

မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်မည်ဖြစ်ပြီး မေလအတွင်း စခန်းဝင် လေ့ကျင့်မည်ဖြစ်သည်။

**ရဲရင့်လွင်**

---

◆ *ကျောဖုံးမှ*

ဆုဖလားကို နှစ်ပေါင်း ၃၀ အကြာ ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ပထမဆုံးအကြိမ် ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့သည်။ အမှတ်ပေးဇယား အဆင့် (၂) နေရာမှ ထက်ကြပ်မကွာ ဖိအားပေးနေသည့် အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ဖလားကို (၁၃) ကြိမ် ဆွတ်ခူးထားပြီး ပရီမီယာလိဂ်ဖလား အများဆုံးဆွတ်ခူးထားသည့်စာရင်းတွင် တတိယနေရာ၌ ရပ်တည်နေသည်။

ခုနစ်နှစ်အတွင်း ပရီမီယာလိဂ်ဖလား ခြောက်ကြိမ်ဆွတ်ခူးထားနိုင်သည့် မန်စီးတီးအသင်းက ပရီမီယာလိဂ်ဖလား (၁၀) ကြိမ်ဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေသည်။ ယင်းနောက်တွင် အဲဗာတန်က (၉)ကြိမ်၊ အက်စ်တွန်ဗီလာက (၇) ကြိမ်၊ ချယ်ဆီးက (၆) ကြိမ်၊ ဆန်းဒါးလန်းက (၆) ကြိမ်၊ နယူးကာဆယ်နှင့်ရှက်ဖီးလ် အသင်းတို့က (၄) ကြိမ်စီ အသီးသီး ဆွတ်ခူးထားကာ အဆင့်လိုက် ရပ်တည်နေသည်။

လီဗာပူး အသင်းသည် လက်ကျန်ပွဲကစားရန် လေးပွဲအလိုတွင် ဒုတိယနေရာမှ အာဆင်နယ်အသင်းကို ၁၅ မှတ်ဖြတ်ကာ ပရီမီယာလိဂ်ဖလားကို အကြိမ် (၂၀) မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ အသက် ၄၆ နှစ် အရွယ်ရှိ လီဗာပူးအသင်းနည်းပြ အာနေးစလော့သ်သည် ပရီမီယာလိဂ်ဖလားကို ပထမဆုံး ဆွတ်ခူးနိုင်သည့် နယ်သာလန် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်းသည် လီဗာပူးအသင်းကို ပွဲပေါင်း ၅၂ ပွဲ တာဝန်ယူကိုင်တွယ်ထားရာ ၃၈ ပွဲ နိုင်ပြီး ခုနစ်ပွဲသရေနှင့် ခုနစ်ပွဲ ရှုံးနိမ့်ထားသည်။

**အောင်ဇော်**

---

❊ *ကျောဖုံးမှ*

သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက YREO အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။ တိုက်စစ်မှူး စန်းသော်သော်၏ တစ်ဦးတည်း လေးဂိုးသွင်းယူမှုအပါအဝင် ဧရာဝတီအသင်းသည် ဂိုးဒါဇင်ဝက်ဖြင့် နှစ်ပွဲဆက်အနိုင်ရခဲ့သည်။ YREO အသင်းသည် အဖွင့်ပွဲတွင် အနိုင်ရထားသော်လည်း ယခုပွဲတွင် လက်ရွေးစင်ကစားသမားအများစုပါဝင်သည့် ဧရာဝတီအသင်းကို မယှဉ်နိုင်ဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့သည်။ ဧရာဝတီအသင်းအတွက် အနိုင်ဂိုးများကို ၃၁၊ ၄၅+၃၊ ၅၈၊ ၆၇ မိနစ်တွင် စန်းသော်သော်၊ ၃၇ မိနစ်တွင် ဖြူဖြူကျော်၊ ၈၇ မိနစ်တွင် နန်းရှင်းသန့်ဖြူဇင်ဖုန်းတို့က သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အဖွင့်ပွဲတွင် ရှုံးပွဲကြုံတွေ့ထားသည့်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းက နိုင်ပွဲစတင်ရရှိခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် လက်ရွေးစင်အဆင့် ကစားသမားအချို့ အားဖြည့်ထားသော်လည်း ရာသီအဖွင့်တွင် ဧရာဝတီ၊ ရန်ကုန်ယူနိုက်တက်တို့နှင့် ဆက်တိုက်ကစားထားရသဖြင့် နိုင်ပွဲမရသေးခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၊ ၅၇ မိနစ်တွင် ယွန်းဝတီလှိုင်၊ ၉၀+၄ မိနစ်တွင် ရွှန်းလဲ့နိုင်တို့က သွင်းယူပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၇၂ မိနစ်တွင် ခိုင်သဇင်က သွင်းယူသည်။

ပွဲစဉ် (၂) အပြီးတွင် ဧရာဝတီအသင်းနှင့် သစ္စာအားမာန်အသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ အား/ကာသိပ္ပံအသင်းက တစ်ပွဲကစား သုံးမှတ်၊ ရန်ကုန်ယူနိုက်တက်၊ Young Lionesses အသင်းနှင့် YREO အသင်းတို့က နှစ်ပွဲကစား သုံးမှတ်စီရရှိထားကာ ရှမ်းယူနိုက်တက်နှင့် မြဝတီအသင်းက နှစ်ပွဲကစား၊ ရန်ကုန်ရှိုင်ရယ်အသင်းက တစ်ပွဲကစား အမှတ်မရသေးပေ။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MWL**

---

*စာမျက်နှာ ၁၈ မှ*

ဆယ်တင်နိုင်သည့် ပစ္စည်းများအား ဆယ်တင်၍ စနစ်တကျ စာရင်းပြုစု ထိန်းသိမ်းထားရှိရန်၊ အပျက်အစီးများအား စနစ်တကျစွန့်ပစ်သွားရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူ ကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ တောင်မင်းကြီး မြတ်စွာဘုရား၊ မဟာဂန္ဓာရုံ ကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မာနိတာရာမ ပရိယတ္တိစာသင်တိုက် နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သန့်ရှင်းရေးဆောင်ရွက်နေသည့် အဖွဲ့များကို စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် သည် ကျောက်ဆည်မြို့ စက်မှုဝန်ကြီးဌာန ကျောက်ဆည်စက်ရုံများ နယ်မြေရှိ REVA ကုမ္ပဏီမှ ငှားရမ်းဆောင်ရွက်သည့် ဖိနပ်စက်ရုံ၊ Keys Shine ကုမ္ပဏီမှ ငှားရမ်းဆောင်ရွက်သည့် အထည်ချုပ်စက်ရုံနှင့် စဉ့်ကိုင်မြို့နယ် ဈေးတန်းကျေးရွာမှ တမာပိုးသတ်ဆေးစက်ရုံများသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အအုံများပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများ ရပ်တန့်ခဲ့ရာမှ ယခုအခါပြုပြင်ပြီး လုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုများကို သွားရောက်စစ်ဆေးပြီး ပြည်ပဝင်ငွေတိုးမြှင့်ရရှိရေး၊ ဝန်ထမ်းများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့အတွက် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။


ယင်းနောက် စဉ့်ကိုင်မြို့နယ် ရှမ်းကန်ကျေးရွာအုပ်စု၊ ရှမ်းကန်(မ)ကျေးရွာရှိ M-Steelသံရည်ကျိုစက်ရုံသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စက်ရုံများပြုပြင်ပြီး ပြန်လည်လည်ပတ်၍ XRB 400 သံချောင်းများ ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်သင့်ဒေသများအား ဦးစားပေးရောင်းချပေးနိုင်ရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာအုပ်စု တောင်ရင်းကျေးရွာရှိ POWERGEN KYAUKSE သဘာဝဓာတ်ငွေ့အင်ဂျင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်စက်ပစ္စည်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အင်ဂျင်အမှတ် (၁) နှင့်အမှတ်(၂)မူလနေရာသို့ ပြန်လည်ရွှေ့ပြောင်းပြီးစီးမှုအခြေအနေများ၊ အင်ဂျင်အမှတ်(၃)နှင့်(၄) မူလနေရာသို့ ပြောင်းရွှေ့နေသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စက်များအားလုံးပြုပြင်ပြီးပါက တစ်ရက်လျှင် ယူနစ်သန်းပေါင်း ၃.၅ သန်း နိုင်ငံတော်သို့ ပေးသွင်းနိုင်မည်ဖြစ်သဖြင့် မေလအလယ်တွင် စတင်လည်ပတ်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

---

## ၂၉-၄-၂၀၂၅ ရက်နေ့မှ ၃၀-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




## ၁-၅-၂၀၂၅ ရက်နေ့မှ ၂-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




❍ *ကျောဖုံးမှ*

ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တာချီလိတ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်

**တာချီလိတ် မေ ၂၈**
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မေ ၂၆ ရက် ညနေပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် မြို့ရှောင်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသူရဇော်က မြို့ရှောင်လမ်း ၂၄ ပေအကျယ် ကွန်ကရစ်လမ်းတည်ဆောက်ရန် ၂၀၂၅ – ၂၀၂၆၊ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် နှစ်နှစ်စီမံကိန်း လျာထားလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တာချီလိတ်မြို့နယ် ရန်အောင်မြေ(၁)ရပ်ကွက် မြို့ပတ်လမ်းအနီး မယ်ဆိုင်ချောင်းကမ်းပြို ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး နဂါးနှစ်ကောင်ကျောင်းတိုက်သို့ သွားရောက်ကာ ဆရာတော်ဘဒ္ဒန္တသုဓမ္မ (သာသနတက္ကသီလ ဓမ္မာစရိယ B.A Buddhism, M.A သီရိလင်္ကာ)၊ မဟာဂန္ထဝါစကပဏ္ဍိတ) အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မသီရိ (အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ) ၏ သမိုင်းဝင်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ ယင်းနောက် နဂါးနှစ်ကောင်ကျောင်းဝင်းအတွင်းမှ ဖြတ်၍ မြို့တွင်းသွားလာရေး လွယ်ကူစေရန် လမ်းဖောက်လုပ်ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေး၍ သက်ဆိုင်ရာဌာနများနှင့် လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ – ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးတံတား အမှတ်(၁) တံတားတွင် မင်းဒင်ဆောက်လုပ်ရေး ကုမ္ပဏီမှ မြေထိန်းနံရံလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မေ ၂၇ ရက် မွန်းလွဲပိုင်းက အလူရာဟိုတယ်အနောက်ဘက်တွင် တာချီလိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရိုးမအလင်းတန်းကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသော သံကူကွန်ကရစ်ကျောက်စီ မြေထိန်းနံရံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီနှင့် စည်ပင်သာယာရေးဌာနတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသဖြင့် ရေနုတ်မြောင်းများကောင်းမွန်ရန်၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန်နှင့် ရေကြီးရေလျှံမဖြစ်စေရေး စီမံချက်ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဖြည့်စွက်မှာကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တာချီလိတ်ခရိုင် မြို့နယ်စုပေါင်းရုံး၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရန် လာရောက်တွေ့ဆုံရခြင်းဖြစ်၍ ဌာနဆိုင်ရာများအနေဖြင့် လိုအပ်ချက်များရှိပါက တင်ပြပေးကြရန်၊ တာချီလိတ်မြို့သည် နယ်စပ်နိုင်ငံနှင့်နီးစပ်မှုများ အနီးကပ်ဆုံးရှိသည့်အတွက် အရေးကြီးပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အကျိုးပြုစေသည့် မြို့တစ်မြို့ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း စီးပွားရေးကုန်ထုတ်လုပ်ငန်းများ ထုတ်လုပ်ပြီး မိမိဘဝရပ်တည်နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်၍ အားလုံးက ဝိုင်းဝန်းကြိုးစားပေးကြရန် ပြောကြားသည်။

ယင်းနောက် တာချီလိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဝေသုံက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြ၍ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားဒုတိယပိုင်းတွင် ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းထားသော အလှူရှင်များအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၂၈**
၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ်ရှိ စက်ပစ်ကွင်း၌ ပြုလုပ်ရာ တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် စွမ်းလှိုင်မင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ် (လေ) ကိုယ်စား ဌာနချုပ်မှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနချုပ်မှူးက မိုးပျံပူဖောင်းအား သေနတ်ဖြင့် ပစ်ဖောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များဖြစ်သည့် အမျိုးသားပစ္စတိုပွဲစဉ် (အမြန်နှင့်လျှပ်တစ်ပြက်)၊ အမျိုးသမီး ကာဘိုင် ပွဲစဉ် (အနေအထား သုံးမျိုး)၊ အမျိုးသမီးပစ္စတိုပွဲစဉ် (အမြန်နှင့် လျှပ်တစ်ပြက်) ပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကွပ်ကဲမှုအောက်ရှိ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲတွင် ပစ္စတိုပစ်ခတ်စဉ် (အမျိုးသား၊ အမျိုးသမီး)၊ ကာဘိုင် ပစ်ခတ်စဉ် (အမျိုးသား၊အမျိုးသမီး)၊ ရိုင်ဖယ် ပစ်ခတ်စဉ် (အမျိုးသား)၊ စက်သေနတ် ပစ်ခတ်စဉ် (အမျိုးသား) စသည့်ပစ်ခတ်စဉ်များကို မေ ၂၈ ရက်မှ မေ ၂ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်နယ်များ၌ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်လှစ်

**နေပြည်တော် မေ ၂၈**
ကျောင်းသား ကျောင်းသူများ အနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်နှင့် အကျင့်စာရိတ္တ ကောင်းမွန်ပြီး ပညာထူးချွန်သူများ ဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အတတ်ပညာများ တိုးပွားစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌ အင်္ဂလိပ်သဒ္ဒါ/ စကားပြောသင်တန်း၊ အခြေခံ ကွန်ပျူတာသင်တန်း မြန်မာသိုင်းသင်တန်းများ စသည်ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိရောဝတီခန်းမ၌ လည်းကောင်း၊ အသီးသီးဖွင့်လှစ်ရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးများက နွေရာသီ သင်တန်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်ပြီး ဆရာ ဆရာမများ၊ နည်းပြများနှင့် သင်တန်းသား ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များ၌လည်း အဆိုပါ နွေရာသီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ဧပြီ ၂၈ ရက်နေ့အထိ သေဆုံးသူ ၃၇၇၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၁၀၆ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့် ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၈ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ဆက်လက်ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဧပြီ ၂၇ ရက် ည ၈ နာရီ ၁၀ မိနစ်မှ ၂၈ ရက် ညနေ ၅ နာရီ အတွင်း မလေးရှားနိုင်ငံအခြေစိုက် Fo Guang Shan နှင့် Buddha’s Light International Association Yayasan Sin Chew အဖွဲ့အစည်းများက ထောက်ပံ့ သည့် စုစုပေါင်း ၃ ဒသမ ၉၁၈ တန်ရှိ မိုးကာတဲ၊ စောင်၊ ခြင်ထောင်၊ တဘက်၊ ဆိုလာမီးအိမ်၊ သွားတိုက်ဆေး၊ သွားတိုက်တံနှင့် အိပ်ရာများ၊ တရုတ်နိုင်ငံအခြေစိုက် တရုတ် – မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအသင်းက ထောက်ပံ့သည့် စုစုပေါင်း ၂ ဒသမ ၁၈၅ တန်ရှိ ဆေးဝါးများနှင့် တရုတ်နိုင်ငံအခြေစိုက် Buddhist Tzu Chi Charity Foundation မှ ထောက်ပံ့သည့် စုစုပေါင်း ၅ ဒသမ ၅၄၇ တန်ရှိ ခြင်ထောင်၊ အိပ်ရာများကို သယ်ဆောင်လာသော လေယာဉ်များ ဆိုက်ရောက်ခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံကို သက်သာသောဈေးနှုန်းဖြင့် ၂၉ ရက်မြောက်နေ့အဖြစ် ဈေးကားများ လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၈**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံ ဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ဧပြီ ၂၈ ရက်တွင် ၂၉ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရသည်။

မတ် ၃၀ ရက်မှ ဧပြီ ၂၈ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ တပ်ကုန်းမြို့နယ်ရှိ အမှတ်(၁)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ရုံးအမှတ်–၄၅၊ ရဲဌာနရုံးချုပ်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနရှိ ရုံးအမှတ်–၁၁ နှင့် ရုံးအမှတ်–၄၀၊ ညောင်ပင်သာရွာ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)နှင့် အမျိုးသားပြတိုက်၊ အမျိုးသားမှတ်တမ်းမော်ကွန်းတိုက် ဦးစီးဌာနနှင့် အမျိုးသား စာကြည့်တိုက်တို့ရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ပါ (မနောသုခ – Export Quality) ၉၈၂၆ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၂၆၈ အိတ်၊ ဆီပိဿာ ၂၈၅၂၀ ၊ ဆား ၁၄၇၉ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၅၁၉၉ ထုပ်၊ ငါးပိ ၂၆၇ ပိဿာ၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပွဲခြောက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးကြင်း ၄၅ ပိဿာ၊ ငါးတန်ပိဿာ ၄၀ ၊ ငါးမုတ်ပိဿာ ၃၀ နှင့် ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်သည်။




အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၈၈ အိတ်၊ စားအုန်းဆီ ၄၆၁၅ ပိဿာ၊ ဆား ၅၁ ပိဿာ၊ ကုလားပဲ ၂၀ ကျပ် သားပါ ၂၆၄ ဘူး၊ ငါးပိ ၁၆ ပိဿာ၊ ကြက်သွန်နီ ၅၃၈ ပိဿာ၊ အသားတုံ ၂၃ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၅၆၄ အိတ်၊ စားအုန်းဆီ ပိဿာ ၅၂၈၀၀၊ ဆား ၅၁ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၈၄ ထုပ်၊ ငါးပိ ပိဿာ ၂၀ ၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဧပြီ ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဧပြီ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှားငံ နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား မေ ၂ ရက်မှ ဇွန် ၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်–

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)** အမှတ်–၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း– ၀၉–၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်–၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း– ၀၂–၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း– ၀၅၇–၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း–၀၅၄–၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း– ၀၇၄–၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ–ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း– ၀၉–၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်–၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း – ၀၄၂–၂၅၃၇၃၊ ၀၄၂–၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း– ၀၄၃– ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှားငံ)** အမှတ်–၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှားငံမြို့၊ ဖုန်း – ၀၈၁ – ၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း – ၀၅၉– ၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ပဲခူးမြို့ လူငယ်စင်တာအဆောက်အအုံ၌ ပါဝင်သည့် သင်တန်းခန်းမများအား တိုင်းဒေသကြီးဝန်ကြီးချုပ် လှည့်လည်ကြည့်ရှု

ပဲခူး မေ ၂၈



ပဲခူးမြို့၌ လူငယ်စင်တာ ဖွင့်ပွဲအခမ်းအနားကို ရွှေမော်ဓော ဘုရားလမ်းနှင့် ရှင်စောပုလမ်းထောင့်ရှိ အဆိုပါအဆောက်အအုံ၌ မေ ၂၈ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ လူငယ်စင်တာဖွင့်ပွဲအခမ်းအနားကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ လူမှုရေးဝန်ကြီး ဦးမျိုးအောင်၊ လူရည်ချွန် မခြူး တိမ်လွှာထက်နှင့် ထူးချွန် အားကစားသမား မမေဟန်နီနီအောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့က လူငယ်စင်တာဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူငယ်စင်တာကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ လူငယ်စင်တာအဆောက်အအုံ၌ ပါဝင်သည့် GYM ခန်းမ၊ အနုပညာ(ဂီတ)ခန်းမ၊ စာကြည့်တိုက်၊ ရုံးခန်း၊ ကွန်ပျူတာခန်းမ၊ အနုပညာ(ပန်းချီ)ခန်း၊ သက်မွေးသင်တန်းခန်းမတို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"ဆိုသည့် ဦးတည်ချက်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လူငယ်စင်တာများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘင်ခရာ၊ ပန်းဖွားနှင့် သီဆိုဖျော်ဖြေခဲ့သော အဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဝေါမြို့နယ်၌ သာသနဓဇဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏပူဇာမင်္ဂလာဂုဏ်ပြုပွဲကျင်းပ

ဝေါ မေ ၂၈

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ သာသနဓဇဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော် အရှင်ခေမာစာရအား ဂုဏပူဇာမင်္ဂလာဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဝေါမြို့ သီရိမင်္ဂလာမြို့ဦးကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော် အရှင်ခေမာစာရက ငါးပါးသီလတရားတော်ချီးမြှင့်ပေးကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းက ဆရာတော်အား သာသနဓဇဓမ္မာစရိယ ဘွဲ့တံဆိပ်တော်အား ဆက်ကပ်ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ယင်းနောက် ဆရာတော် ဦးပညာသီရိ(ရန်ကုန်)က ထုတိထောမနာဂါထာဖြင့် ရွတ်ဖတ်ပူဇော်ပြီး ဝေါမြို့ မြသာလျောင်းဆရာတော်က ဘွဲ့တံဆိပ်တော်ရ ဆရာတော်၏ ထေရုပ္ပတ္တိကို ဖတ်ကြားပေးသည်။

ထို့နောက် ကြွရောက်လာသည့် ဧည့်ပရိသတ်များအား ဆရာတော် အရှင်ခေမာစာရ(သာသနဓဇဓမ္မာစရိယ)က သာဓုမောဒနာ ရေစက်ချတရားချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## စမ်းချောင်းမြို့နယ်၌ တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရန်ကုန် မေ ၂၈



မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဝေဠုဝန်(တောင်) ရပ်ကွက်၌ ယနေ့နံနက်ပိုင်းက မီးဘေးကာကွယ်ရေးအတွက် စစ်ဆေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်သည်။

အဆိုပါ ဝေဠုဝန်(တောင်) ရပ်ကွက်အတွင်းရှိ အိမ်ခြေ ၁၃၅ အိမ်၊ အိမ်ထောင်စု ၂၃၁ စုတို့ကို စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးသူရဆွေ ဦးဆောင်သော သန္နိတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စမ်းချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာစိုး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပူးပေါင်း၍ တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **တင်စိုး(မြန်မာ့အလင်း)**



## နိုင်ငံတော်အစိုးရ သာသနဓဇဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ အရှင်သုန္ဒရအား ဂုဏဝိသိဋ္ဌပူဇာ ချီးကျူးဂုဏ်ပြုပွဲကျင်းပ

ကျောင်းကုန်း မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မကျီးပင်ကွင်းအုပ်စု ဥယျာဉ်တန်းကျေးရွာ ဓမ္မရက္ခိတ(မြို့ပေါက်ဆိန်)ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဥတ္တမာနန္ဒ၏တပည့် နိုင်ငံတော်အစိုးရ သာသနဓဇ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ အရှင်သုန္ဒရ၏ ဂုဏဝိသိဋ္ဌပူဇာ ချီးကျူးဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ရွှေကျင်နိကာယမြို့နယ်သံဃနာယကဥက္ကဋ္ဌ ပဏ္ဍိတာရာမပန်းတောရိုးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလာနန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ကျောင်းကုန်းမြို့နယ် သရက်ကုန်းကျောင်းဆရာတော်က သာသနဓဇ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ အရှင်သုန္ဒရ၏ ထေရုပ္ပတ္တိအကျဉ်းအား ဖတ်ကြားသည်။

ထို့နောက် ဂုဏဝိသိဋ္ဌအပူဇော်ခံ အရှင်သုန္ဒရအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်

ရန်ကုန် မေ ၂၈

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) မြို့နယ်စာပေဥယျာဉ် (Book Club) အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကို မေ ၂၆ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး



ဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက အမှာစကားပြောကြားပြီး စာပေဥယျာဉ်အသင်း နာယကဆရာကြီး ဦးရန်နောင်(ရန်နောင်-ပညာရေး)၊ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား)၊ ရန်ကုန်တိုင်း သတင်းစာဆရာအသင်း အတွင်းရေးမှူး ဦးတင်ဝင်းလေး (တင်ဝင်းလေး-ကြည့်မြင်တိုင်)တို့က အမှာစကားများပြောကြား၍ မြို့နယ်စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းသတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၂)၊ စာရေးဆရာ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က စာဖတ်ဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် မြို့နယ်စာပေဥယျာဉ်အသင်းနာယက စာရေးဆရာကြီး ဦးသက်တင်(မောင်သာတင့်-မြန်အောင်)က တက္ကသိုလ်ဘုန်းနိုင်ရေးသားထုတ်ဝေခဲ့သည့် "သူ့ကျွန်မခံပြီ" မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဝတ္ထုစာအုပ်အကြောင်းကို စိတ်ဝင်စားဖွယ် အားမာန်အပြည့်ဖြင့် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **ဉာဏ်လင်း**

## ဗဟန်း၌ သတင်းရိုက်ကူးတည်းဖြတ်နည်း သင်တန်းဖွင့်

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သော သတင်းရိုက်ကူးတည်းဖြတ်နည်း သင်တန်းအမှတ်စဉ်(၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းက အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သတင်းရိုက်ကူးတည်းဖြတ်နည်း သင်တန်းတွင် ဝေါဟာရရှင်းလင်းချက်၊ သတင်းအချက်အလက်စုဆောင်းခြင်း၊ သတင်းဓာတ်ပုံပညာ၊ သတင်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ ခေတ်သစ်မီဒီယာကဏ္ဍ၊ အခြေခံသတင်းစာပညာ၊ စာနယ်ဇင်းဆိုင်ရာကျင့်ဝတ်များ၊ လက်တွေ့ရိုက်ကူးတည်းဖြတ်ခြင်း ဘာသာရပ်များကို စာတွေ့လက်တွေ့ပို့ချပေးမည်ဖြစ်သည်။ ယင်းသင်တန်းကို မေ ၂၈ ရက်မှ ၃၀ ရက်အထိ ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား၂၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၅ ဦးကို ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား သုံးဦးအား ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်

**နေပြည်တော် မေ ၂၈**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကိုပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မင်းလက်ပံ၊ မဲ့ထော်သလေးနှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၅ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား သုံးဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များတွင် လိုအပ်သည့် ကိုယ်ရေးအချက်အလက် အထောက်အထားများနှင့် စာရင်းဇယားများ ပြည့်စုံမှန်ကန်ကိုက်ညီမှုရှိရေးတို့ကို မှာကြားသည်။




ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ယူဂန္ဓာသမ္မတနိုင်ငံသံရုံးမှ Ambassador H.E. Ms. Betty O. Bigombe နှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ဇင်ဘာဘွေသမ္မတနိုင်ငံသံရုံးမှ Minister Counsellor Ms. Tsitsi Kangai – Kasirowori နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ First Secretary Ms. Nguyen Thi Kim Chung နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံး First Secretary Mr. Fahd Saleem နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ မဲ့ထော်သလေး (KK Park) နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် အင်ဒိုနီးရှားနိုင်ငံသား သုံးဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၃ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ၇၅၆၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၄၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်မှ ယနေ့အထိ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၉၀၄၃ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဓာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘက်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ ကာဂျစ္စတန်၊ နမီးဘီးယား၊ မာဒါဂတ်စကား၊ ရိုမေးနီးယား၊ လိုက်ဘေးရီးယား၊ ရုရှား၊ ဖိလစ်ပိုင်၊ ဇင်ဘာဘွေ၊ မာလဝီ၊ ဆီယာရာလီယွန်၊ ဘူရွန်ဒီနှင့် တရုတ် (တိုင်ပေ) တို့မှ နိုင်ငံသားများဖြစ်ကြပြီး ထပ်မံ၍ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများအား စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုဖြစ်ပွား

**နေပြည်တော် မေ ၂၈**

ယနေ့ နံနက် ၇ နာရီအချိန် ကျောက်တံခါးဘူတာမှ ထွက်ခွာလာသော အမှတ်(၉၀၂)အစုန်ကုန်ရထားသည် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးဘူတာနှင့် သူငွေးကုန်းဘူတာအကြား၊ မိုင်တိုင်အမှတ် ၁၀၇/၄-၅ နေရာသို့ရောက်ရှိချိန်တွင်အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အစုန်ရထားလမ်း ထိခိုက်ပျက်စီးနေကြောင်း တွေ့ရှိရသဖြင့် ကျောက်တံခါးဘူတာသို့ ပြန်လည်ဆုတ်ခွာခဲ့ရပြီး ကျောက်တံခါးနှင့် သူငွေးကုန်းရထားလမ်းပိုင်းအား နံနက် ၇ နာရီ ၂၆ မိနစ်တွင် ယာယီပိတ်ထားခဲ့ရကြောင်း သတင်းရရှိသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အစုန်လမ်း၏ အရှေ့ဘက်သံလမ်း နှစ်ပေခန့် ပြတ်ထွက်ခြင်း၊ အနောက်ဘက်သံလမ်း ၁၅ ပေခန့် ကွေးကောက်၍ လမ်းခင်းကျောက်နှင့် ကွန်ကရစ်ဇလီဖားတုံးအချို့ ပျက်စီးခြင်းတို့အပြင် အခင်းဖြစ်ပွားရာ နေရာအနီးမပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးအား ထပ်မံတွေ့ရှိရသည်။

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီးနောက် ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာအကြား အစုန်လမ်း၏ သံလမ်းအား လဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကိုဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၂ နာရီ ၃၈ မိနစ်တွင် အဆိုပါလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ယနေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသော အမှတ်(၁၁)အဆန်အမြန်ရထားနှင့် အမှတ်(၇)အဆန် DEMU အမြန်ရထားတို့အား ညောင်လေးပင်ဘူတာ၌ အသီးသီးရောက်ရှိရပ်တန့်ထားခဲ့ရပြီး လမ်းပိုင်းစစ်ဆေးပြုပြင်ပြီးစီး၍ နံနက် ၈ နာရီ ၅၇ မိနစ်အချိန်မှသာ ပြန်လည်ထွက်ခွာပေးနိုင်ခဲ့သဖြင့် လူစီးရထားများ ၁ နာရီခန့်စီ ကြန့်ကြာမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း (၈၁) ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း(၁၇၅)ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း(၁၆)ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီး ခရီးသွား ပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအခြေအနေနှင့် မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးအား ထပ်မံတွေ့ရှိရမှု။



အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီး RGC ဖြင့် စမ်းသပ်ဖြတ်သန်းနေပုံ။

# ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၁၈၂ ဒသမ ၂ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ဘိုးနေဒွန်းကျေးရွာအုပ်စု ဘိုးနေဒွန်းကျေးရွာ အနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ မမြင့်မြင့်စန်း(ခ)မိငယ်အား စစ်ဆေးရှာဖွေရာ ၎င်းထံမှစိတ်ကြွ ရူးသွပ်ဆေးပြား ၃၆၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇ ဒသမ ၂ သိန်း) သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၈ နာရီခွဲတွင် အဆိုပါနေရာအနီး၌ မနှင်းနှင်းအေးအား စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀(တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၁၀၀) သိမ်းဆည်းရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ဝက်ဝံကျေးရွာအနီးတွင် လှိုင်မင်းစိုး မောင်းနှင်ပြီး မမို့မို့ဝင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၇၅ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် မမြင့်မြင့်စန်း (ခ) မိငယ်(၅၄) နှစ်၊ မနှင်းနှင်းအေး (၃၄)နှစ်၊ လှိုင်မင်းစိုး(၃၆)နှစ်နှင့် မမို့မို့ဝင်း (၂၅)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**




တင်မျိုးဦးနှင့် နေလှိုင်မျိုးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မင်္ဂလာဒုံမြို့နယ်၌ ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် အောင်မင်္ဂလာအဝေးပြေး ကားဝင်းတွင် တင်မျိုးဦး မောင်းနှင်ပြီး နေလှိုင်မျိုး လိုက်ပါလာသည့် TOYOTA CALDINA အငှား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၄၀၀၀) သိမ်းဆည်းရမိခဲ့သဖြင့် တင်မျိုးဦး(၄၉)နှစ်နှင့် နေလှိုင်မျိုး(၃၆)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မမြင့်မြင့်စန်း(ခ)မိငယ်၊ မနှင်းနှင်းအေး၊ လှိုင်မင်းစိုးနှင့် မမို့မို့ဝင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်း အမှတ်(၃) လမ်းဆုံအနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၄၂၄၆၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပဲခူး တက္ကသိုလ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၅၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည်ကျေးရွာ Famous ဆီဆိုင်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၂၄၂၇၅) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၆၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၃၇၈၇၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ**

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ငဖဲမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၂၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ကမ်းသာယာလမ်း ကြက်ဒိုင်ဆိပ်အနီး မြစ်ကမ်းဘေး၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၇၄၀၀၀၀)ကို လည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရန်ကြီးအောင်လမ်းရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၇၂၄၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၄၆၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ**

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်နှင့် ဖျာပုံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၅၄၀၂၇၄၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာအမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ (၆)ရပ်ကွက် (၁)လမ်းနေ မအိအိခင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၄)ရပ်ကွက် မီးဒုံးလမ်းနေ မမင်းမင်းဌေးတို့က ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်နေ မ--- (၂၁)နှစ်အား တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားယူပါက ငွေကျပ် သိန်း ၇၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် ဘိုကလေးမြို့မရဲစခန်း (ပ)၂၆၆/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ ဖျာပုံခရိုင်တရားရုံးမှ ဧပြီ ၂၅ ရက်တွင် တရားခံ မအိအိခင်နှင့် မမင်းမင်းဌေးတို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**Pursuant to Myanmar Insolvency Law section 211**

**(In Members' Voluntary Winding-up)**

**CREST IT MYANMAR CO.,LTD**

**(Registration No.-118676513)**

**NOTICE OF FINAL MEETING**

Notice is hereby given that the Final Meeting of the Shareholders/Contributories of the CREST IT MYANMAR CO.,LTD will be held as follows for the purpose of the liquidator will present the winding-up accounts to all Members/Shareholders/Contributories for explanation before it an account of the winding-up.

Date: 26 May 2025

Time: 10:00am

Place:Online meeting

Daw San Tint(B.A(Law),LL.B),Adovcate(Serial No.2020)
Liquidator of CREST IT MYANMAR CO.,LTD(In Members' Voluntary Winding-up)
Liquidator's Office: **SM & ST Law Firm Co.,Ltd**
No.(588),Yuzana Street, Pauk Taw Quarter, Insein Township, Yangon, Myanmar.
Phone:+95(0)95099637

## ပတ်စ်ပို့ပျောက်

ကျွန်မ မနွယ်နီသန်း ၇/ပခန(နိုင်)၂၆၁၇၉၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉၇၅၄၄၆၈၃၃၁**

## အမည်ပြောင်းလဲခေါ်ပါရန်

ဦးစိုင်းဆမ်တစ် ၁၃/ကတန(နိုင်)၀၇၄၁၀၆ ၏သမီး တာချီလိတ်မြို့၊ မကာဟိုခမ်း အထကကျောင်း Grade-4မှ မကြယ်စင်ခ အား မအိမ့်ကေဇင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိမ့်ကေဇင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/40056, Honda Wave ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချမ်းမြေ့သူ ၁၃/တခလ(နိုင်) ၀၆၅၆၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (တာချီလိတ်)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/3717 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြဲ စွမ်းအင်နှင့်ရေအားစက်ရုံများဌာနလက်အောက်ရှိ အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံအတွက် စက်အရံပစ္စည်း(၂)မျိုးဝယ်ယူခြင်းနှင့် Transformer ပြုပြင်ခြင်း လုပ်ငန်းတို့အား အောက်ဖော်ပြပါအတိုင်း (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | အမျိုးအမည် |
|---|---|---|
| (က) | Tender No.01(T)/EPGE (REHP)/ 2025-2026 | အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက်(၂)လုံးအတွက် စက်အရံပစ္စည်း(၂)မျိုး ဝယ်ယူခြင်း။ |
| (ခ) | Tender No.02(T)/EPGE (REHP) 2025-2026 | အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံရှိ 11/11 KV, 5MVA Isolating Transformer(1)No ပြုပြင်ခြင်း။ |

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ(Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိတ်ပိတ်၍ တင်ဒါပိတ်ရက်၏(၁၃:၀၀)နာရီ နောက်ဆုံးထား၍(လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါပိတ်ရက်နှင့် အချိန်** - ၁၂-၅-၂၀၂၅ ရက်၊ (၁၃:၀၀)နာရီ

၄။ **တင်ဒါလက်ခံမည့်နေရာ** - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်

၅။ တင်ဒါပုံစံများအား သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**(ဖုန်း-၀၉-၄၄၈၅၃၃၈၉၄)**

## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## ကယားပြည်နယ်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ကယားပြည်နယ်ရုံးမှ ၂၀၂၅-၂၀၂၆ (ဧပြီလ မှ မတ်လအထိ) ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် RCC(၂)ထပ် (၃၀x၄၀)ပေ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း(Lot-1)နှင့်ပြည်နယ်ရုံး E ပုံစံ (၁)ထပ် အဆောက်အအုံ၏ အမိုး ဟောင်းဖျက်ခြင်း အမိုးသစ်လဲလှယ်ခြင်း (၁၁၂ x ၉၆ x ၁၆)ပေနှင့် ပြည်နယ်ရုံး E ပုံစံ (၁)ထပ် အဆောက်အအုံ၏ မျက်နှာကြက်ပြားများအား အသစ်လဲလှယ်ခြင်း (၂၅%) လုပ်ငန်း(Lot-2) တို့အား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ် ကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်နေ့ရက်** - ၂၉-၄-၂၀၂၅ရက် (အင်္ဂါနေ့) မှ ၁၂-၅-၂၀၂၅ရက်(တနင်္လာနေ့)ထိ၊ ရုံးချိန်အတွင်း

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန်** - ၁၂-၅-၂၀၂၅ရက်(တနင်္လာနေ့) ညနေ (၁၆၀၀)နာရီ

(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကယားပြည်နယ်ရုံး၊ လွိုင်ကော်-ရှားတောလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့

၂။ တင်ဒါစည်းမျဉ်းစည်းကမ်း၊တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကယားပြည်နယ်ရုံး၊ ဖုန်း-၀၉-၄၅၃၀၅၃၃၀၀၊ ၀၉-၄၀၁၅၃၁၇၇၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးမျိုးမြင့်၏ သား ကျွန်တော် မောင်မျိုးကိုကို ၁၄/ဝခမ(နိုင်)၂၀၀၁၃၃၏ Passport နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၈၆၇၄၉၄**

## ပတ်(စ)ပို့ပျောက်ဆုံးကြောင်းကြေညာခြင်း

ဟိုပန်မြို့နယ်၊ ခွန်ကော်ကျိုင်းရွာ၊ အားကိုကျိုင်းအုပ်စု၊ ပန်လုံမြို့နေ မစွမ်းကျင်(ဘ)ဦးကျင်ခြို ၁၃/ဟပတ(နိုင်)034667 ၏ ပတ်(စ)ပို့နံပါတ်(MI-305836)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-09-266548342**

## ပတ်(စ)ပို့ပျောက်ဆုံးကြောင်းကြေညာခြင်း

ဟိုပန်မြို့နယ်၊ ခွန်ကော်ကျိုင်းရွာ၊ အားကိုကျိုင်းအုပ်စု၊ ပန်လုံမြို့နေ မရှောက်ရင်း(ဘ)ဦးကျင်ခြို ၁၃/ဟပတ(နိုင်)000987 ၏ ပတ်(စ)ပို့နံပါတ်(MI-376468)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-09-698954378**

## ပတ်(စ)ပို့ပျောက်ဆုံးကြောင်းကြေညာခြင်း

ဟိုပန်မြို့နယ်၊ ခွန်ကော်ကျိုင်းရွာ၊ အားကိုကျိုင်းအုပ်စု၊ ပန်လုံမြို့နေ မရှောက်ထွမ်(ဘ)ဦးကျင်ခြို ၁၃/ဟပတ(နိုင်)034668 ၏ ပတ်(စ)ပို့နံပါတ်(MI-305837)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-09-458629764**

# ပင်လောင်းမြို့နယ် နန်းပုလင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီး

**ပင်လောင်း ဧပြီ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်လောင်းမြို့နယ် နန်းပုလင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏၅၀ ရာခိုင်နှုန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။



နန်းပုလင်းကျေးရွာ၌ အရှည်ပေ ၂၀၀၀၊ အကျယ် ၁၀ ပေ၊ ဒုခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှု အခြေအနေများကို ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးဇော်ဝင်းနှင့် ဝန်ထမ်းများက ဧပြီ ၂၈ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းမှ ရရှိလာသည့် အတိုးရငွေကျပ် ၂၁ သန်း၊ ပြည်သူထည့်ဝင် ငွေကျပ် ၁ ဒသမ ၅ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၂၂ ဒသမ ၅ သန်းကို အသုံးပြုကာ ယခုနှစ် ဒီဇင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

# မိုင်းဆတ်မြို့နယ်ရှိ ကျေးရွာ(၃)ရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ (န၀မ)အကြိမ်မြောက် ထုတ်ချေး

**မိုင်းဆတ် ဧပြီ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကောင်းမှုတန်ကျေးရွာ ဝမ်မိုင်ကျေးရွာနှင့် ပန်ဟိုင်းကျေးရွာများ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ (န၀မ)အကြိမ်မြောက် ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက ကောင်းမှုတန်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြင့်သီတာဟန်က ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး လုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကောင်းမှုတန်ကျေးရွာ၊ ဝမ်မိုင်ကျေးရွာနှင့် ပန်ဟိုင်းကျေးရွာများရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူရှစ်ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူရှစ်ဦး စုစုပေါင်း အသင်းသား အသင်းသူ ၂၉ ဦးအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၃၅သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**





# ကြက်ဥ၊ ကြက်သားနှင့် ဝက်သားများ ဈေးနှုန်းသက်သာစွာရောင်းချပေး

**စစ်ကိုင်း ဧပြီ ၂၈**

စစ်ကိုင်းမြို့ ငလျင်ဒဏ်ခံရသောပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် စစ်ကိုင်းခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် လုပ်ငန်းရှင်များပူးပေါင်း၍ ယနေ့တွင် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးရှေ့၌ ကြက်ဥ၊ ကြက်သားနှင့် ဝက်သားများကို ရောင်းချပေးသည်။ **(အပေါ်ပုံ)**

ဈေးနှုန်းများအနေဖြင့် ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၄၀၀၊ ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ နှင့် ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀၀ ဖြစ်ပြီး ကြက်ဥ အလုံး ၃၀၀၀၊ ကြက်သားပိဿာ ၂၀၀ နှင့် ဝက်သားပိဿာ ၁၀၀ တို့ကို ရောင်းချပေးခဲ့ကာ အပတ်စဉ် တနင်္လာနေ့တိုင်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

"အပြင်မှာ ဈေးတွေက တက်နေတာ။ ယခုလို ဈေးသက်သာစွာရောင်းချပေးတဲ့အတွက် ကျေးဇူးတင်ဝမ်းသာပါတယ်" ဟု ဈေးလာဝယ်သူ အမျိုးသမီးတစ်ဦးက ပြောသည်။ **မောင်အေးချမ်း**

# ညောင်လေးပင်မြို့နယ် ကျွဲသေမြောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းပြီးစီး

**ပဲခူး ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကုန်းအင်းကျေးရွာအုပ်စု ကျွဲသေမြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ကျွဲသေမြောင်း ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း လမ်းဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန့်ဇင်အောင်နှင့် ဝန်ထမ်းများက ဧပြီ ၂၈ ရက်တွင် ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်း ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆွေးနွေးပြောကြားသည်။

ကျွဲသေမြောင်း ကျေးရွာ၌ အရှည် ၁၀၄၅ ပေ၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မရှိ ကျေးရွာတွင်း လမ်းဂဝံခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်းအတိုးရငွေများအနက် ငွေကျပ် ၈၉ ဒသမ ၉၃၅ သိန်းဖြင့် မတ်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ႕႕႕

## အမည်ပြောင်း

ပဲခူးမြို့၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကမာနတ်ကျောင်း Grade-3(B) မှ (ဘ)ဦးသက်ချိုဦး၏သား မောင်ဘုန်းမင်းခ အား မောင်အံ့ထူးမြတ်အောင် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အံ့ထူးမြတ်အောင်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြတ်ရတနာ အိမ်ရာစီမံကိန်း အပိုင်း(၃)ရှိ မြေကွက်အမှတ်(၁၇၀)၊ ဧရိယာ(၀ဒသမ၀၆၂)ဧကကို ဒေါ်ယဉ်ယဉ်အေး ၁၃/တကန(နိုင်)၀၀၄၂၆၇ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးထွန်းဝင်း ၁၂/သလန(နိုင်)၁၁၂၉၅၄ မှ ၎င်း၏အမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြတ်ရတနာ အိမ်ရာစီမံကိန်း အပိုင်း(၃)ရှိ မြေကွက်အမှတ်(၁၁၇)၊ ဧရိယာ(၀ဒသမ၀၆၂)ဧကကို ဦးထိန်ဝင်း (N/OKA-၀၀၈၃၂၃) ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်စိုးစိုးဟန် ၁၂/စခန(နိုင်)၀၂၃၄၂၇မှ ၎င်း၏အမည်ဖြင့် မြေချပါမစ် ထုတ်ယူခွင့်ပြုပါရန် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကယားပြည်နယ်အစိုးရအဖွဲ့
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး
## နယ်စပ်ဒေသဖွံ့ဖြိုးရေး(မူလ)ရန်ပုံငွေဖြင့်
## ဆောင်ရွက်မည့်လုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၅ -၂၀၂၆ဘဏ္ဍာရေးနှစ်၊ ကယားပြည်နယ်အတွင်း ကယားပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး (မူလ)ရန်ပုံငွေဖြင့်ဆောင်ရွက်မည့်ကျောက်လမ်း (၁)လမ်း၊ ကတ္တရာလမ်း(၁၄)လမ်း၊ ကွန်ကရစ်လမ်း(၁)လမ်း၊ ကတ္တရာထပ်ပိုးလွှာ(၁)လမ်း၊ Box Culvert (၅)စင်း၊ Pipe Culvert (၂)စင်းနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်ခြင်း(၁)လုံး စသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **အိတ်ဖွင့်တင်ဒါစတင်ရောင်းချ / တင်သွင်းရမည့်ရက်** | - (၂၉-၄-၂၀၂၅)ရက်၊ (အင်္ဂါနေ့) (ရုံးချိန်အတွင်း) မှ (၁၂-၅-၂၀၂၅)ရက်၊ (တနင်္လာနေ့) အထိ(ရုံးချိန်အတွင်း) |
| (ခ) | **အိတ်ဖွင့်တင်ဒါပိတ်မည့် ရက်နှင့်အချိန်** | - (၁၂-၅-၂၀၂၅)ရက်၊ (တနင်္လာနေ့) (၁၆:၃၀)နာရီ |
| (ဂ) | **အိတ်ဖွင့်တင်ဒါဖွင့်ပွဲ ရက်နှင့်အချိန်** | - အိတ်ဖွင့်တင်ဒါဖွင့်ပွဲပြုလုပ်မည့် ရက်အား ဆက်လက်အကြောင်းကြားသွားပါမည်။ |

အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ သီဟလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ဖုန်း- ၀၉-၂၅၆၁၀၄၆၈၆၊ ၀၉-၆၇၈၀၇၉၅၅၇၊ ၀၉-၄၂၈၀၀၄၁၁၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည့် လမ်း၊တံတားလုပ်ငန်းသုံးပစ္စည်းဖြစ်သော "ကတ္တရာ" ဝယ်ယူခြင်းအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၂၉-၄-၂၀၂၅ရက် |
| **တင်ဒါပုံစံပိတ်မည့်ရက်** | - ၁၂-၅-၂၀၂၅ရက် ညနေ (၁၆:၀၀) နာရီ |
| **တင်ဒါပေးသွင်းရမည့်နေရာ** | - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-
အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၁၁၉၁)၊ မြေကွက်တည်နေရာအမှတ်(၁၁၉၁)၊ဗိုလ်ပျိုလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါ်ခင်ဝင်း (ISN-488286) အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ဝင်းအား (တရားပြိုင်)ထားကာ ဒေါ်ဖြိုးသန္တာဝင်း ၁၂/ဒဂမ(နိုင်)၀၁၃၀၈၀၊ ဦးညီညီလွင် ၁၂/မဂတ(နိုင်) ၀၉၇၇၉၉ တို့မှ (တရားလို)ပြုလုပ်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် (တရားရှုံး)ကိုယ်စား ဘီလစ်ဒေါ်မြင့်မြင့်ကြည် ၁၂/ဒပန(နိုင်)၀၂၈၃၄၂မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၁၉/၂၀၂၄)၊ တရားမဇာရီမှုအမှတ်(၂၅/၂၀၂၄) တရားရှုံး(ကိုယ်စား) အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုအနိုင်ဒီကရီချမှတ်သည့် စီရင်ချက်နှင့် အမိန့်၊ တရားရုံးနေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင်နှစ်ထပ်တိုက်တစ်လုံးရှိပြီး တရားနိုင်များနေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဘီလစ်ဒေါ်မြင့်မြင့်ကြည်မှ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအားတရား ဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ မြေကွက်အမှတ်(၅၈)၊ အကျယ် အဝန်း(၀.၀၆၈)ဧက၊ (၃၀X ၇၆)ပေ အကျယ်ရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၅)ထပ် အဆောက်အအုံ တိုက်အမှတ်(၅၈)၏ ပထမထပ်(ခေါင်းရင်းခန်း)(၁၄X၆၀)အကျယ်ရှိ တိုက်ခန်းတစ်ခန်းတို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မိုးသူ ၃/ကကရ(နိုင်)၀၇၁၁၈၃မှ ဝယ်ယူပြီးစီးကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပန်းမွေး (တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၆၃၉၇)**
**ဖုန်း-၀၉-၇၇၅၅၅၂၁၁၁**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9P/6838 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀/၈၄၃၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/4192 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်
## ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့်
## တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများတွင်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၆၇)ခု အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် နိုင်ငံသားပိုင်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊နေပြည်တော်)တို့တွင် ၂၉-၄-၂၀၂၅ရက်မှ ၁၂-၅-၂၀၂၅ရက်အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည် တင်သွင်းလာမည့်တင်ဒါ ပုံစံများကို ၈-၅-၂၀၂၅ ရက်မှ ၁၂-၅-၂၀၂၅ ရက်အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောကျောင်းများတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ၀၆၇၃-၄၀၄၀၂၀၊ ၀၆၇၃-၄၀၄၄၈၂(ဦးစီးဌာန၊ရုံးချုပ်)၊ ၀၉-၇၇၆၆၈၀၂၃၈(အစိုးရနည်းပညာ ကောလိပ်၊ မန္တလေး)၊ ၀၉-၄၀၁၀၈၄၀၉၃ (အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်)၊ ၀၉-၇၅၇၂၀၄၁၀၇၊ ၀၉-၈၈၇၆၄၅၅၈၀ (အစိုးရစက်မှု လက်မှုသိပ္ပံ၊ နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.most.gov. mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့်သက်မွေးပညာသင်တန်းကျောင်းများအတွက်လိုအပ်သောသင်ကြားရေးသုံး သင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၄-၂၀၂၅ရက်မှစ၍ ၁၁-၅-၂၀၂၅ရက်အထိ ရုံးချိန်အတွင်း အစိုးရနည်း ပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တို့တွင် ဝယ်ယူနိုင်ပြီး ၅-၅-၂၀၂၅ရက်မှ ၁၂-၅-၂၀၂၅ရက်အထိ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံ ဝယ်ယူခဲ့သောကျောင်းသို့ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အဆိုပါ သင်ကြားရေးသုံး သင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများသို့ အရောက်ပေးပို့ တပ်ဆင်ပေးနိုင်ရမည်။ လိုအပ်ပါက နည်းပညာဆိုင်ရာသင်တန်းပေး ဆောင်ရွက်နိုင်ရမည်။

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ် -၀၆၇၃၄၀၄၅၀၅ ဦးစီးဌာန၊ရုံးချုပ်) ၀၉-၈၉၇၆၅၃၃၇၅ အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ ၀၉-၈၈၇၆၄၅၅၈၀/ ၀၉-၇၅၇၂၀၄၁၀၇ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)နှင့် ၀၉-၄၀၁၀၈၄၀၉၃ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.most. gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## အများသိရှိစေရန်

ပုသိမ်မြို့၊ သင်္ဘောကျင်းရပ်ရှိ (ယခင်လျှော်ဂွမ်ဆန်စက်ကုမ္ပဏီ) ယခု အောင်သီဟ ဆန်စက်သည် ကျွန်တော် ဦးတင်အောင်ချိုနှင့် အစုရှယ်ယာ (၇) ဦးပိုင် ဆန်စက်ဖြစ်ပါသည်။ ဆန်စက်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအားလုံးသည် ယနေ့အထိ ကျွန်ုပ်ဦးတင်အောင်ချို၏ လက်ဝယ်တွင် ရှိပါသည်။

(၉-၄-၂၀၂၅)ရက် မင်္ဂလာဖိတ်စာပါ ဦးစိုးဝင်း (ဘ)ဦးခွေးလေး(ခ)ဦးစိုးမြင့်မှ သူပိုင်ဆန်စက်ပုံစံ ဖော်ပြထားပါသည်။ ကျွန်ုပ်တို့ပိုင် ယခင်လျှော်ဂွမ်ဆန်စက်အား ဦးခွေးလေး(ခ)ဦးစိုးမြင့်မှ (၁၉၈၂)ခုနှစ် ခေတ္တခဏ ငှားလည်ပြီး အမည်ပြောင်း လုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဦးခွေးလေး(ခ)ဦးစိုးမြင့် (၇-၉-၂၀၁၃)ရက်တွင် ကွယ်လွန်ပြီး သားဖြစ်သူ ဦးစိုးဝင်းမှ လွှဲပြောင်းလုပ်ကိုင်ပြီး ယနေ့အချိန်ထိ အမှုဆက် လက်ရင်ဆိုင်နေပါသည်။ ထိုဆန်စက်သည် ဦးစိုးဝင်း ပိုင်ဆိုင်သော ဆန်စက်မ ဟုတ်ကြောင်း အများသိရှိစေရန် ကြော်ငြာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

**ဦးတင်အောင်ချို**
**၁၄/ပသန(နိုင်) ၀၃၈၀၅၃**
**ဖုန်း-၀၉-၅၂၀၃၃၅၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးအေး(၃)လမ်း၊ အမှတ်(၁၀၂)မြေပေါ်တွင် ဆောက်လုပ်ထားသော RCတိုက်၏ (၅)လွှာ(ဒါဘာ) (ညာဘက်ခန်း)၊ အကျယ်အဝန်း(၁၂ ပေခွဲX၅၃ ပေ)၊ တိုက်ခန်းတစ်ခန်းနှင့် ထိုတိုက်ခန်း၏ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိ ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မင်းထက် ၁၂/လမန(နိုင်) ၁၆၃၆၇၇-ဒေါ်ကေဇင်လင်း ၇/မလန(နိုင်)၁၁၂၆၈၉တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းဖေအောင် ၁၂/အစန(နိုင်)၁၆၁၁၃၆မှ ရောင်းဈေးတန်ဖိုးငွေပေးချေကာ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဖေအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းအိလွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၉၇)၊**
**အမှတ်(၁၇)၊မြေညီထပ်၊ ကျောင်းကုန်း(၂)လမ်း၊ (၇)ရပ်ကွက်၊လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၂၆၄၅၉၅၀၊၀၉-၇၈၄၅၄၅၉၇၉**

## ပြည်ထဲရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## မြစ်ကြီးနားမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်သန်း(၂၀၀)အထက်ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်လိုပါသဖြင့် ပြည်တွင်းကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| Lot-1 | ပြည်နယ်ရုံးအမှုထမ်းဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၄)ထပ် RC(၆၁'-၆"x၅၁'x ၄၂'-၆") (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း |
| Lot-2 | ပြည်နယ်ရုံးဝန်ထမ်းအိမ်ရာ(လူပျိုဆောင်) RC(၂)ထပ် (၁၀၁'x၃၂') (၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း |

| | |
|---|---|
| ၂။ **အိတ်ဖွင့်တင်ဒါစတင် တင်သွင်းရမည့်ရက်** | - (၂၉-၄-၂၀၂၅)ရက် (အင်္ဂါနေ့) |
| ၃။ **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** | - (၁၂-၅-၂၀၂၅)ရက် (တနင်္လာနေ့) ညနေ ၁၆:၃၀နာရီ |
| ၄။ **တင်ဒါတင်သွင်းရမည့်နေရာ** | - ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တင်ဒါခေါ်ယူရေးကော်မတီရုံး၊ (ဌာနခွဲ(၁)၊ ဌာနစု(၁)၊ ဘဏ္ဍာ/ငွေစာရင်းဌာန) |

၅။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် တင်ဒါလျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး (ဖုန်း-၀၇၄-၂၅၂၂၆၆၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကချင်ပြည်နယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်၊ မင်္ဂလာဥယျာဉ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၆-သုခရပ်)၊ ဦးပိုင်အမှတ်(၅၆/၁၃၀)ရှိမြေဧရိယာ(၁ဒသမ၅၇၂)ဧကရှိမြေအားကုသရေးဦးစီးဌာန(ပြည်သူ့ဆေးရုံကြီး၊ကလေးမြို့)ပိုင် အမည်ပေါက်ရရှိရေးအတွက် မြေလွှဲမိန့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်း မူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကလေးမြို့**
**ဖုန်း-၀၉-၈၅၃၁၀၀၈၃၃, ၀၉-၂၁၃၂၂၄၉**

## အများပြည်သူသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ စီ၊ မြေကွက်အမှတ် ၂၇-အိုင်/၁ဘီ၊ မြေဧရိယာ(၀ဒသမ၁၆၇)ဧကရှိ မြေပိုင်(မစိုက်ပျိုးမြေ) အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၅၃/အေ(၇)၊ သံလွင်လမ်းသွယ်၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော RC(၃)ထပ်တိုက် အဆောက်အအုံ(၁)လုံး၊ အိမ်သုံးလျှပ်စစ်မီတာ(၁)လုံး၊ လုပ်ငန်းသုံးလျှပ်စစ်မီတာ(၁)လုံး၊ ရေ၊ မီး အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဦးဇော်မင်းဇင်(ဘ)ဦးမင်းမောင် ၁၂/ကမရ(နိုင်) ၀၂၈၉၃၃ နှင့် ဒေါ်တင်သီတာ (ဘ)ဦးခင်မောင်ဝင်း ၁၂/ကမရ(နိုင်) ၀၂၉၀၄၃တို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အအုံ အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc,PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၂၂လမ်း၊အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၂၂လမ်း၊အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

## ဖခင်အမည်မှန်

မြိတ်မြို့၊ မြင်းမိုရ်ကိုယ်ပိုင် အထက်တန်းကျောင်းမှ Grade-10 ဖြေဆိုထားသော မဖြိုးသဉ္ဇာ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးစိုးမြင့် ၆/မမန(နိုင်)၁၄၃၆၇၇ ဖြစ်ပါကြောင်း။

**ဦးစိုးမြင့်**

## ဖခင်အမည်မှန်

ကော့သောင်းမြို့၊ အထက (၁) Grade-4 မှ မသဒ္ဒါဖူးဝေ၊ Grade-11 မှ မခက်ဖူးဝေတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းထွန်း ၆/လလန(နိုင်)၀၀၀၇၁၅ ဖြစ်ပါကြောင်း။

**ဦးမင်းထွန်း**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၄၄)ထမ္မနဲကွင်း၊ မြေကွက်အမှတ် (၈၅၀+၈၅၁+၈၅၂+၈၅၃+၈၅၄+၈၅၅+၈၅၆+၇၈၅+၇၈၆+၇၈၇+၇၈၈)၊ စုစုပေါင်းမြေဧရိယာ ၀ဒသမ ၃၁၃ဧကအား တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ (၁၇-၁-၁၉၉၈)ရက်စွဲပါစာအမှတ် ၅၄၀/၅-၄/တယက(တနင်္သာရီ)အရ အဆောက်အအုံအဖြစ် အသုံးပြုရန် ဦးစိုးသိန်း(ခ) ဦးရှမ်းဝင်းအမည်ဖြင့် လ/န(၃၉)အမိန့် ချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း ၆/မအရ(နိုင်)၀၂၇၀၂၃ ဦးထင်ကျော်အောင် ၆/မမန(နိုင်)၁၃၁၁၇၂တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ရောဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရောဝတီတိုင်းဒေသကြီး၊ လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရောဝတီတိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း၊ အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ကုမ္ပဏီ များအား ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၉-၄-၂၀၂၅ရက်မှ ၂၈-၅-၂၀၂၅ရက်အထိ

(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၂၀-၅-၂၀၂၅ရက်မှ ၂၉-၅-၂၀၂၅ ရက်အထိ (၁၄:၀၀နာရီထိ)

(ဂ) **တင်ဒါပိတ်မည့်ရက်** - ၂၉-၅-၂၀၂၅ရက် (၁၄:၀၀နာရီထိ)

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ ရောင်းချပေးသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၏ အောက်ဖော်ပြပါဖုန်းနံပါတ်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များ** - ၀၄၂-၂၄၅၅၂ (အင်ဂျင်နီယာဌာန)
- ၀၄၂-၂၁၈၉၁ (ဘဏ္ဍာရေးဌာန)

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရောဝတီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်-(၁/၂၀၂၅-၂၀၂၆)

ရောဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့မှ(၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်၊ ရရှိလာသောရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လမ်းခင်းပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၈-၅-၂၀၂၅ရက်မှစ၍ ဖော်ပြထားပါမည်။

၁။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - (၈-၅-၂၀၂၅)ရက်၊ (၁၀:၀၀)နာရီ

၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - (၁၄-၅-၂၀၂၅)ရက်၊ (၁၅:၀၀)နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - (၁၅-၅-၂၀၂၅)ရက်၊နံနက်(၁၀:၀၀)နာရီ

၄။ **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂၁) ညောင်တုန်းမြို့

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို ဒုတိယညွှန်ကြား ရေးမှူး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၂၁)၊ ညောင်တုန်းမြို့၊ ဖုန်း-၀၄၆-၂၂၂၀၂၀၃သို့ ၈-၅-၂၀၂၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)**
**လမ်းဦးစီးဌာန**
**ဖုန်း-၀၉-၄၂၂၄၇၈၅၁၁၊ ၀၉-၇၉၅၈၆၃၂၂၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ အ.မ.က ကျောင်းလမ်း၊ အကွက်အမှတ် (၂၈၊ ညောင်သုံးပင်မြောက်ကွက်)၊ ဦးပိုင်အမှတ် (က/၂/၇၈)၊ မြေကွက်အမှတ် (ဃ/၁၆)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကအကျယ်ရှိ ဂရန်အမှုတွဲအမှတ် RPNO-၁၃၈/V/၂၀၁၄-၂၀၁၅အရ ဒေါ်ခင်သန်းဌေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုလက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ခင်သန်းဌေး ၁၁/ဂမန(နိုင်)၀၂၉၉၃၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ နှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူ သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည် (LL.B, D.B.L)** (စဉ်-၁၄၆၆၈) တရားလွှတ်တော်ရှေ့နေ

**ဒေါ်ခင်သီတာမြင့်အောင်(LL.B)** (စဉ်-၅၂၀၆၄) အထက်တန်းရှေ့နေ

**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)ရပ်ကွက်၊ ထိပ်တင်မှတ် (၅)လမ်း၊ မြေကွက်အမှတ်(၂၉၂) ဟုခေါ်တွင်သော ဧရိယာ ပေ(၂၀x၆၀)ဂရန်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ဒေါ်အေးအေးမိုး၁၂/သဃက(နိုင်)၁၃၂၃၁၆ထံမှ ဝယ်ယူရန် အလို့ငှာ ကျွန်ုပ်၏မိတ်ဆွေ ဦးစည်းစိမ်စိုး၉/ညဥန(နိုင်)၁၅၂၀၀၂ မှ စရန်ငွေ၏ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤအိမ်ခြံမြေနှင့်ပတ်သက်၍ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ပိုင်ဆိုင်ခွင့် စာရွက်စာတမ်းမူရင်းများနှင့် ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းလင်းထွန်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၇၄၃)**
**အမှတ်(၁၀၄၈)၊ ဒူးယား(၈)လမ်း၊ (၄၉)ရပ်ကွက်**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၆၈၅၄၉**

## စွမ်းအင်ဝန်ကြီးဌာန
## ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၂၅)

၁။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါအား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|
| (က) | Fuel Lab Equipment (5-Items) | (DDP up to PPRD, Yangon) |
| | (8-Items) | (DDP up to PPRD, Mandalay) |
| | (21- Items) | (DDP up to PPRD, Nay Pyi Taw, |
| | ဝယ်ယူခြင်း | |

၂။ **တင်ဒါပုံစံစတင်ဝယ်ယူနိုင်သည့် ရက်နှင့်တန်ဖိုး** - ၃၀-၄-၂၀၂၅ ရက်မှစတင်၍ ရုံးပိတ်ရက်များမှအပ နံနက် ၁၀:၀၀ နာရီမှ ၁၆:၃၀ နာရီအတွင်း ဤဦးစီးဌာန၊ ဘတ်ဂျက်ဌာနခွဲ (ရုံးချုပ်၊ နေပြည်တော်)တွင် တင်ဒါပုံစံ တစ်စောင်လျှင် ကျပ်၁၀၀,၀၀၀/- (ကျပ်တစ်သိန်းတိတိ) ဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့် ရက်၊ အချိန်နှင့်နေရာ** - ၁၆-၅-၂၀၂၅ ရက်၊ နေ့လယ် ၁၄:၀၀ နာရီ နောက်ဆုံးထား၍ ဤဦးစီးဌာန၊ စီမံရေးဌာနခွဲ (ရုံးချုပ်၊ နေပြည်တော်) တွင် တင်သွင်းရပါမည်။
E-mail/ Mail ဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းခြင်းအား လက်မခံပါ။

၄။ **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၁၆-၅-၂၀၂၅ ရက်၊ နေ့လယ် ၁၅:၀၀ နာရီ

၅။ သတ်မှတ်ရက်/အချိန်ထက် နောက်ကျတင်သွင်းသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

၆။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးအမှတ်(၆)၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်၊ နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက် စုံစမ်းနိုင်ပြီး ဖုန်း- ၀၆၇ -၃၄၁၁၄၈၇ သို့လည်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ(ငွေလုံးငွေရင်း) ဖြင့် ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်အတွင်းဆောင်ရွက်မည့် ရေကာတန်းတည်ဆောက်ခြင်း၊ ကမ်းထိန်းနံရံတည်ဆောက်ခြင်း၊ တူးမြောင်းပြုပြင်ခြင်း လုပ်ငန်းများနှင့် မိုးညှင်းမြို့နယ်အတွင်းဆောင်ရွက်မည့် ရေလွှဲဆည်တည်ဆောက်ခြင်း လုပ်ငန်းတို့အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

**တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - (၅-၅-၂၀၂၅) ရက်မှ (၇-၅-၂၀၂၅) ရက်အထိ

**တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်** - (၁၂-၅-၂၀၂၅) ရက်မှ (၁၄-၅-၂၀၂၅) ရက်၊ ညနေ(၄)နာရီအထိ

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - (၁၅-၅-၂၀၂၅) ရက် ၊ နံနက်(၁၀:၀၀)နာရီ

**တင်ဒါရောင်းချမည့်နေရာ**
**တင်ဒါတင်သွင်းရမည့်နေရာ**
**တင်ဒါဖွင့်လှစ်မည့်နေရာ**
- ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များအား ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ပူတာအိုမြို့နယ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍(၀၉-၂၅၂၃၄၁၇၄) သို့ လည်းကောင်း၊ မိုးညှင်းမြို့နယ်အတွင်းဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ (၀၉-၄၄၃၀၇၀၇၃၈) သို့လည်းကောင်း ဆက်သွယ်၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒေါ်သန်းအေး အမည်ပေါက်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၈၆၉)၊ ဧရိယာ (အလျား ၄၀ ပေ x အနံ ၆၀ ပေ)အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်ကြီး အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော အလျား ၂၀ ပေ x အနံ ၆၀ ပေ၊ (၁၂၀၀) စတုရန်းပေအကျယ်ရှိ နှစ် (၆၀) ဂရန်မြေကွက်ကို ဒေါ်ကြည်လဲ့မေ ၁၂/ဥကတ(နိုင်) ၁၇၉၅၅၀က တရားဝင် ဝယ်ယူခဲ့ပြီး ယခုအခါ လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ပါသည်။ ယခုအခါ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ်(၈၆၉)၊ ဦးရာဇတ်လမ်း၊ (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် RC (၃)ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ကြည်လဲ့မေ ၁၂/ဥကတ(နိုင်)၁၇၉၅၅၀ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးပြည့်ဖြိုးတင် ၅/မရန(နိုင်)၂၂၆၉၃၂ သည် ၂၄-၄-၂၀၂၅ ရက်၌ "နှစ်ဦးသဘောတူ မြေနှင့် အဆောက်အအုံအရောင်းအဝယ်စရန်ပေးကတိစာချုပ်"ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူထားပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဝင်ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသွယ်တင်လတ် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၅၂)**
**တိုက် (၆/၃၁)၊ ဘယသုဒ္ဓိလမ်း၊ ကျုံးကွက်သစ်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၁-၅၅၃၆၅၄၊ ၀၉-၅၀၈၅၄၉၉**

## ပျောက်ဆုံးကြောင်း

ဝက်လက်မြို့နယ်၊ ဆင်းကွတ်(မ)ရွာနေ (ဘ)ဦးဝင်းမြင့်၏သမီး မမျိုးသန္တာထွန်း ၅/ဝလန(နိုင်) ၁၇၅၁၀၅ ၏ နိုင်ငံကူးလက်မှတ် (MI-368386)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၉၀၈၅၇၄၉**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးသန်းနိုင်၏သမီး မကေခိုင်ဦး ၃/ဘအန(နိုင်)၄၇၅၁၅၄၏ နိုင်ငံကူးလက်မှတ် နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၇၆၈၃၂၉၁၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်/လူနေရပ်ကွက်အမှတ်(၅၃)၊ မြေကွက်အမှတ်(၅၅၃-ခ)၊ အကျယ်အဝန်း (အလျား ပေ၂၀ x အနံ ပေ၆၀)၊ ဧရိယာ ၀ ဒသမ ၀၂၇ဧကေ ဦးအောင်ဆန်းအမည်ပေါက် နှစ်(၆၀)ဂရန် ထဲမှ (အလျား ၁၀ပေ x အနံ ၆၀ပေ)ရှိ မြေနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ဝါဝါတင့်ဆွေ ၁၂/ဥကတ(နိုင်)၁၂၈၁၅၀မှ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း တာဝန်ယူတာဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အဆောက်အအုံနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံ(သို့)ကျွန်ုပ်၏မိတ်ဆွေထံသို့ တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးစပယ်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းအောင်(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၃၄၉၉၀/၂၄-၁၁-၂၀၁၀)**
**အမှတ်(၁၀/၁၅)၊ နေကျော်ကျောင်းလမ်း၊ ကျွန်းကလေးရပ်ကွက်၊**
**လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၀၃၀၃၇၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ဒက္ခိဏသီရိအလယ်ရပ်ရှိ အလျား ၉၉ပေ x အနံ ပေ၈၀၊ ဧရိယာ ၀ ဒသမ ၁၈၁ဧကေ ကျယ်ဝန်းသော မြေကွက်အမှတ်(ဒ-၃၀၇၇၂)သည် ဒေါ်မြင့်မြင့်မွန် (ဘ) ဦးလှမြင့် ၃/ကကရ(နိုင်)၀၆၂၉၁၄အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသော နှစ်(၃၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်လက်ရှိထားပိုင်ဆိုင်သဖြင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ(၎င်းအမည်ပေါက်သူ) ဒေါ်မြင့်မြင့်မွန် ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးဇော်ဦးဟန် ၉/မနမ(နိုင်) ၀၈၄၁၄၇က ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများပြသ၍ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ကုန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဦးဇော်ဦးဟန် ၉/မနမ(နိုင်)၀၈၄၁၄၇၏ လွှဲအပ်ချက်အရ-**
**ဦးမင်းစိုး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၄၁)**
**အောင်မင်္ဂလာ(၂)လမ်း၊ ပျဉ်းမနားမြို့**
**ဖုန်း ၀၉-၄၃၀၂၀၂၉၁၊ ၀၉-၉၄၃၀၂၀၂၉၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သစ်ယာကုန်းကျေးရွာ၊ အိမ်အမှတ်(၅၃)နေ ဦးစိုးလွင်ဦး(ဘ) ဦးသောင်းမြင့် ၁၄/မအန(နိုင်)၂၃၂၅၁၃နှင့် ဒေါ်လှလှဌေး(ခ) မဖြူ (ဘ) ဦးသန့် ၁၄/မအန(နိုင်)၁၁၇၈၆၆တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်တော် ကျွန်မတို့၏ သားဖြစ်သူ ဦးကောင်းစစ်မှူးသည် မိဘများအား ကိုယ်ထိလက်ရောက် စော်ကားပြုမှုမှုများကို ပြုလုပ်၍လည်းကောင်း၊ မိသားစုဂုဏ်သိက္ခာကျဆင်းစေသည့် အပြုအမူများကို ပြုလုပ်၍လည်းကောင်း ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ မိဘများ၏ ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာများနှင့်ပက်သက်၍ အမွေဆက်ခံခွင့်မရှိကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို မိသားစုမှ တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဇော်မင်း(LL.B) အထက်တန်းရှေ့နေ(စဉ်- ၅၄၅၆၅)**
**အမှတ်(၂၀၃၇၁)၊ ရွှေလီလမ်း၊ ပုဗ္ဗသီရိမြို့၊ နေပြည်တော်**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့၊ ရောဝဏ်လမ်း၊ AYCT Condo 9Bနေ ဦးတင့်ရဲအောင် ၁၂/လသယ(နိုင်)၁၁၁၆၁၃ (Burmese House Realestate အိမ်ခြံမြေ) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်သည်မှာ-

ဦးတင့်ရဲအောင်အား ဆက်သွယ်ရေးကွန်ရက်မှာသာမက လူ့အသိုင်းအဝိုင်း ပတ်ဝန်းကျင်တွင်လည်း တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ခြောက်လှန့်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင် အသရေဖျက်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်အောင် နှောင့်ယှက်ခြင်း၊ မလိုလားအပ်သော ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်း အထောက်အထားများအရ မြင်တွေ့သိရှိရပါသည်။ ယနေ့မှစ၍ ဆက်သွယ်ရေးကွန်ရက်မှသော်လည်းကောင်း၊ လူ့အသိုင်းအဝိုင်းပတ်ဝန်းကျင်တွင်သော်လည်းကောင်း ဦးတင့်ရဲအောင်နှင့်ပတ်သက်ပြီး ထပ်မံ၍ နှောင့်ယှက်ခြင်းများမပြုလုပ်ရန် အသိပေး တားမြစ်လိုက်ပါသည်။ ထိုသို့တားမြစ်ထားပါလျက် ထပ်မံပြုလုပ်ပါက ဥပဒေအရ မလွှဲမရှောင်သာ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးတင့်ရဲအောင်**
**၁၂/လသယ(နိုင်)၁၁၁၆၁၃**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်ကြည်ဝင်း** အထက်တန်းရှေ့နေ (စဉ်-၅၅၉၄၈)
**ဒေါ်ခိုင်ဇာမွန်** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၄၄၉)
**အမှတ်(၂/၆(က)-၁)၊ မြတ်လေးလမ်း၊ ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၀၃၇၅၃၉၉၊ ၀၉-၉၅၈၄၄၉၅၃၇**

## မိသားစုဝင်အဖြစ်မသက်ဆိုင်တော့ကြောင်းကြော်ငြာခြင်း

ထက်ထက်လင်း(ခ)နန်စီ ၁၂/တမန(နိုင်)၁၁၃၃၁၃ လမုတန်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့နေသူသည် ကျွေးမွေးစောင့်ရှောက်ခဲ့သော မိသားစုအပေါ် လုံးဝမငဲ့ညှာဘဲ ငွေကြေးလိမ်ညာရယူခြင်းကို အကြိမ်ကြိမ် ပြုလုပ်ပြီး ပြောဆိုဆုံးမမှုကိုမနာခံပါသဖြင့် ယနေ့မှစ၍ မိသားစုဝင်အဖြစ်မှလုံးဝမသက်ဆိုင်တော့ပါကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးအေးကြည် (၁၂/ဒဂမ(နိုင်)၀၀၂၃၃၃) နှင့်မိသားစု**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ ရွှေပြည်စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း Grade -12 မှ မခင်ဘုန်းသူ ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်းထွေး ၇/ပတန(နိုင်) ၀၉၁၃၉၅ အမှန်ဖြစ်ပါကြောင်း။

**ဦးအောင်ဝင်းထွေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/80392 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကြည်မိုး ၇/ရကန(နိုင်) ၀၅၈၅၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/7218 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်း ၇/ဝမန(နိုင်) ၀၆၄၄၁၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/66353 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးအောင် ၇/ညလပ(နိုင်)၀၄၈၆၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## အမည်ပြောင်းခြင်း

ဦးဝဏ္ဏထွန်း၏သား မအူပင်၊ အမက(စာရေးကုန်း) Grade-3မှ မောင်လင်းထက်ဖေယျာအား ယနေ့မှစ၍ မောင်ညဏ်ဘုန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ညဏ်ဘုန်းခန့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/4362 Bajaj RE 205D ယာဉ်လက်ဝယ်ရှိသူ ဦးသက်မွန်ဦး ၉/မထလ(နိုင်) ၀၀၇၀၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မိတ္ထီလာမြို့)**

## သွေးသည် အသက်

# Aung Khin Htwe Myanmar Co.ltd မှ Kojie.san Brand အလှကုန်ပစ္စည်းများအား မြန်မာနိုင်ငံရဲ့တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် (Exclusive Sale Right) ရရှိထားကြောင်း အများသိစေရန် ကြေညာခြင်းနှင့် Online / Offline ကုန်ပစ္စည်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း

kojie•san

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ တည်ထောင်ထားသော– Aung Khin Htwe Myanmar Co.ltd (Company Registration No.140003530)သည် ပူးတွဲဖော်ပြပါရှိသော **“kojie.san”** ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၁၉–၁၁–၂၀၂၄)ရက်က မှတ်ပုံတင်စာချုပ်အမှတ်–၃၄၉၉/၂၀၂၄အရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး၊ ဖိလစ်ပိုင်နိုင်ငံရှိ BEVi BEAUTY ELEMENTS VENTURE INC မှ ထုတ်လုပ်သော **“kojie.san Brand”** အလှကုန်ပစ္စည်းများအား တရားဝင်ခန့်အပ်လွှာများအရ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် (Exclusive Sale Right) ရရှိထား၍ “kojie.san”ကုန်အမှတ်တံဆိပ်ဖြင့် “ဆပ်ပြာ၊ မျက်နှာလိမ်းအရည်၊ မျက်နှာလိမ်းခရမ်၊ လိုးရှင်း၊ နေရောင်ကာလိုးရှင်း၊ မျက်နှာသစ်ဆေး၊ ရေချိုးဆပ်ပြာရည် အစရှိသည့်ပစ္စည်းအမျိုးမျိုး”တို့ကို လက်လီလက်ကားထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ရာ ပြည်သူအများတစ်ခဲနက်ဝယ်ယူအားပေး အသုံးပြုလျက်ရှိကြပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော Aung Khin Htwe Myanmar Co.ltd မှတပါး “kojie.san”ကုန်အမှတ်တံဆိပ်အား အခြားမည်သူတစ်ဦးတစ်ယောက်ကမှ ဈေးကွက်အတွင်း တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ လက်လီ/လက်ကားရောင်းချခြင်း၊ Online shopping, Internet website, Facebook Group, Facebook page, Viber group, Telegram Group, We Chat Group, Kakao Talk Group, TikTok အစရှိသော လူမှုကွန်ရက်များမှရောင်းချခြင်း များတွင် ခွင့်ပြုချက်မရှိဘဲ တဆင့်ခံ ရောင်းချခြင်းများ လုံးဝ(လုံးဝ)မပြုလုပ်ကြပါရန်နှင့် အကယ်၍ မိမိတို့ကုမ္ပဏီ၏ကုန်အမှတ်တံဆိပ်အား ရှေ့တစ်လုံးတိုး၍သော်လည်းကောင်း၊ နောက်တစ်လုံးတိုး၍သော်လည်းကောင်း၊ ရှေ့တစ်လုံးဖြုတ်၍သော်လည်းကောင်း၊ နောက် တစ်လုံးဖြုတ်၍သော်လည်းကောင်း၊ တုပသုံးစွဲလာခဲ့ပါက မည်သူမဆို Aung Khin Htwe Myanmar Co.ltd ၏ အကျိုးစီးပွားကိုထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**Aung Khin Htwe Myanmar Co.ltd ၏လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးချစ်ညီညီ ( LL.B )** (စဉ်–၄၄၂၉) — **ဦးဆန်းမြင့်နိုင် ( LL.B )** (စဉ်–၁၃၆၀၅)

အမှတ်(၂၂၁)၊ ၆၃လမ်း၊ ၂၆x၂၇လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း–၀၉–၂၀၀၀၂၆၁၊ ၀၉–၇၉၂၀၆၆၉၉၉

## ကန့်ကွက်နိုင်ပါသည်။

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီး/အေးသာယာမြို့၊ ရပ်ကွက်- အမှတ် (၃) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်- ၄၇-ရွာမရပ်၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်- ၅ + ၆ ၊ ဧရိယာ- ၀. ၂၂၄ ဧက ရှိ အေးသာသာမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ မြောက်ဘက်ပတ်လမ်း၊ အမှတ် (၅/၆) ဟုခေါ်တွင်သော နှစ်(၃၀) မြေငှားဂရန်မြေကွက်သည် တောင်ကြီးမြို့ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၌ ဦးခွန်ထွန်းသီး (၁၃/ဆဆန (နိုင်) ၀၂၉၁၂၄) ၏အမည်ပေါက်သောမြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူ ဦးခွန်ထွန်းသီး ထံမှ ဒေါ်နီနီလွင် (၇/ဒဥန (နိုင်) ၁၁၆၇၂၂) က အပြီးအပိုင်ဝယ်ယူခဲ့ပြီးနောက် ဦးညီညီအောင် (၁၃/တကန (နိုင်) ၀၆၈၄၄၄) အမည်ဖြင့် အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်- ၅၁၂/၂၀၂၃ (၅-၉-၂၀၂၃) ကို ရယူထားသဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်သည့် ဦးညီညီအောင် နှင့် ဒေါ်နီနီလွင် တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)

အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 24W/1118 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(မန္တလေးတောင်ပိုင်း)**

## အမည်ပြောင်းလဲခြင်း

ကြံခင်းမြို့နယ်၊ မူလွန်မြို့မတောင်၊ Grade–1မှ မောင်မှူးသီဟကိုအား မောင်မြတ်သူရကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၇၂၁၆၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/16674 Honda C90 Cutsom CMS ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၉/အမရ(နိုင်)၀၂၈၆၈၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၅၀၉၃၁ Yunde–110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲရင့်အောင် ၉/အမရ(နိုင်)၁၅၁၁၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

# အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်[၁(ရော)/၂၀၂၅–၂၀၂၆]

ရောဝတီတိုင်းဒေသကြီး၊ လမ်းအထူးအဖွဲ့(၂၀)၊ ရေကြည်မြို့၏ ၂၀၂၅–၂၀၂၆ဘဏ္ဍာရေးနှစ်အတွင်း လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်လမ်းခင်းကျောက်နှင့် လုပ်ငန်းသုံးပစ္စည်းများကို လမ်းအလိုက်၊ လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့်အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းအထူးအဖွဲ့(၂၀)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ၏ ကြော်ငြာသင်ပုန်းတွင် (၃၀-၄-၂၀၂၅) ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – ၅-၅-၂၀၂၅ရက်

၂။ **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန်** – ၁၄-၅-၂၀၂၅ရက် (၁၂:၀၀)နာရီ

၃။ **အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်/အချိန်** – ၁၅-၅-၂၀၂၅ရက် (၁၀:၀၀)နာရီ

၄။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေရာ** – ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊လမ်းအထူးအဖွဲ့(၂၀) ရေကြည်မြို့။

တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့ (၂၀)၊ ရေကြည်မြို့၊ ဖုန်း–၀၉–၄၅၀၅၃၅၇၄၀၊ ၀၉–၂၅၀၃၂၂၇၀၁တွင် ၅-၅-၂၀၂၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**လမ်းအထူးအဖွဲ့ (၂၀)၊ရေကြည်**

ဖုန်း–၀၉–၄၅၀၅၃၅၇၄၀၊ ၀၉–၂၅၀၃၂၂၇၀၁

e-mail address: rcsu20.tender@gmail.com

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၉၊ အင်းကြင်းမြိုင်လမ်း၊ မြေကွက်အမှတ်–၁၀၀၆၊ ဦးလှမြင့်(CF–၀၅၀၄၆၂)အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေ အမျိုးအစား၊ အကျယ်အဝန်းပေ(၄၄x၆၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက် အမှတ်–၁၀၀၅ နှင့် ကပ်လျက်ခြမ်းပေ(၂၂x၆၀)၊ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်အရပ်ကတိစာချုပ်ဖြင့် ၎င်းတို့သာဝယ်ယူပိုင်ဆိုင်ပြီး လက်ဝယ်ထားရှိကြောင်း အဆိုပြုသူ ဒေါ်ခင်သန္တာစိုး ၁၂/အစန(နိုင်)၀၁၄၇၁၇နှင့် ဦးကိုကိုနိုင် ၅/ယမပ(နိုင်)၁၀၅၈၉၅တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

ဒေါ်ခိုင်ဆုဝေ (LL.B) (စဉ် – ၅၃၃၆၉) အထက်တန်းရှေ့နေ — ဒေါ်မိုးမီမီခိုင် (LL.B) (စဉ် – ၅၃၄၉၁) အထက်တန်းရှေ့နေ

အမှတ် – ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း – ၀၉–၄၅၀၀၂၈၁၀၄

## ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ၊ ကော့သင်းရှုံးကျေးရွာအုပ်စု ၊ ကွင်းအမှတ်-၁၁၆၇ ၊ ကွင်းအမည် ထမ္မတိုင်ကွင်း ၊ ဦးပိုင်အမှတ် (၂၂၁/၁) ၊ ဧရိယာ ၀ ဒသမ ၇၅ ဧက ရှိ ဦးဝင်းနိုင်ထွန်း အမည်ပေါက် (၁၀)နှစ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် “ရှမ်းလေး(၃)” အမည်ဖြင့်ဖွင့်လှစ်ထားသော စက်သုံးဆီအရောင်းဆိုင်အပါအဝင် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသောဆီသိုလှောင်ကန်(၃)ကန် ၊ စက်သုံးဆီအရောင်းဆိုင်ခန်းတစ်ထပ်တိုက်(၁)လုံး၊ ဝန်ထမ်းနားနေဆောင်တစ်ထပ်တိုက်(၁)လုံး၊ ဂိုဒေါင်(၁)လုံးနှင့်စပ်လျဉ်း၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်၊ ဆီသိုလှောင်ကန်များ၊ အဆောက် အအုံများနှင့် ရှမ်းလေး(၃) စက်သုံးဆီအရောင်းဆိုင်ကို ဦးဝင်းနိုင်ထွန်း ၃/ဘအန(နိုင်) ၂၇၅၈၁၃ မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာသည့်အတွက် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမျိုးဝင်း** တရားလွှတ်တော်ရှေ့နေ စဉ် – ၁၉၀၇၀ — **ဦးအာကာဦး** အထက်တန်းရှေ့နေ စဉ် – ၅၄၇၆၄

**အမှတ်၁၂ ၊ပထမထပ်နှင့်ဒုတိယထပ်၊ အနော်ရထာလမ်း(ပန်းဆိုးတန်းလမ်းထောင့်)ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ – ၄၄၁၉၀၇၀၇၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/71415 Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်နိုင် ၉/မနမ(နိုင်)၀၀၅၈၈၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/2117 KYAW SOE WIN (L/T) Pick Up (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မိုးသန်း ၉/အမရ(နိုင်)၀၉၁၇၃၂က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံး ဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀(၁)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄

ဒေါ်မြမြဦး (တရားလို) — နှင့် — ဒေါ်အေးမြင့် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်–၈၉၆၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်နေ တရားပြိုင် ဒေါ်အေးမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက “ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု”နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ မေလ ၉ ရက်( ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရဲမင်းထွန်း)

**မြို့နယ်တရားသူကြီး**

**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တောင်ဇင်းကျေးရွာအုပ်စု၊ ထနောင်းစုကျေးရွာနေ ဦးစိုးမြိုင် (ခ) ဦးသန်းကျော် ၉/ညဥန(နိုင်)၁၂၇၄၁၄၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အတွက် အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

